ကြေးမုံ

The Mirror

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ သောကြာနေ့၊ (10-2-2012)(၇၀၃၁)


## တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အထူးလိုအပ်

တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ပြီး တိုင်းပြည်ငြိမ်းချမ်းမှသာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။ ဒီမိုကရေစီစနစ်ကျင့်သုံးပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှသာ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားရေးဘဝမှာလည်း တိုးတက်မြင့်မားလာမည်ဖြစ်ပေသည်။ သို့အတွက်ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အထူးလိုအပ်လှသည်ကို ပြည်သူအားလုံးက သတိပြုသင့်ပေသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

[၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ ကောက်နုတ်ချက်]

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

# ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော်   ဖေဖော်ဝါရီ   ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Hon.Mr. Albert F. Del Rosario ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Hon. Mr. Albert F. Del Rosario နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Maria Hellen M. Barber နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေးနှင့် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Hon. Mr. Albert F. Del Rosario ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Hon. Mr. Albert F. Del Rosario အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)



## ယ နေ့ သ တ င် း အ ညွှ န် း


ရန်ကုန်မြို့အတွင်း အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားစွန့်ပစ်ရန် နှိုးဆော်ချက်ထုတ်ပြန် — ပြည်တွင်းသတင်း စာမျက်နှာ - ၃

ကမ္ဘာ့အရပ်အပုဆုံး အိန္ဒိယအမျိုးသမီးလေး ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှု၌ ပါဝင်မည် — နိုင်ငံတကာသတင်း စာမျက်နှာ - ၄

မဟာပျူဟာမြောက် ဒုံးလက်နက်များပစ်ခတ်မှု သတင်းများဖလှယ်ရန် ရုရှားနှင့် အမေရိကန် သဘောတူ — နိုင်ငံတကာသတင်း စာမျက်နှာ - ၄

ဧပြီလ ၁ ရက်မှစ၍ အိမ်သုံးနှင့် စီးပွားသုံး ရေဖိုးရေခများ တိုးမြှင့်ကောက်ခံမည် — ပြည်တွင်းသတင်း စာမျက်နှာ - ၅

အယ်လ်ဘမ်သစ်အတွက် ဖလိုရီဒါနှင့် ပူးတွဲလုပ်ကိုင်နေသည့် ပဲရစ်ဟီလ်တန် — အနုပညာသတင်း စာမျက်နှာ - ၅

ကြေးမုံစာတည်းရှုထောင့်

၁၀-၂-၂၀၁၂[သောကြာနေ့]။

# အချောင်းတစ်ရာရှိသောမြား

လူမျိုးဟူသည် သုခ၊ ဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်းထပ်ပြီး နှစ်ကာလရှည်စွာ စိတ်တူကိုယ်တူ သဘောထားရှိသူတို့ကို ပေါင်းရုံး၍ ခေါ်ဝေါ်ခြင်းသာဖြစ်၏။ မြန်မာ့မြေ မြန်မာ့ရေပေါ်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားများ နေထိုင်ကြ၏။ နေထိုင်ရာဒေသအလိုက် ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ ဘာသာစကားနှင့် လူမှုရေးစနစ်များ အသွင်သဏ္ဌာန် ကွဲပြားသယောင်ရှိစေကာမူ အနှစ်သာရမှာ အညှာတစ်ခုတည်းမှ ပေါက်ဖွားသီးပွင့်နေသော သွေးရင်းသားချင်း ညီရင်းအစ်ကို မောင်ရင်းနှမများသာ။

ခေတ်အဆက်ဆက် ဖြတ်သန်းကျော်လွှားခဲ့ရသည့် အတွေ့အကြုံများက စည်းလုံးညီညွတ်ရေးသည် တိုင်းရင်းသားများအကြား အသက်တမျှ အရေးကြီးသည်ကို ပြဆိုခဲ့ပြီ။ စည်းလုံးခြင်း၊ ညီညွတ်ခြင်းများ ထာဝရ ခိုင်ကျည်မှုသည် နိုင်ငံ၏ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုနှင့် ညီညွတ်မျှတသည့် လူ့ဘောင်အဖွဲ့အစည်းတည်ထောင်နိုင်သော အမျိုးသားရေးစွမ်းရည်ကို ဖော်ညွှန်းလျက်ရှိသည်။ ကိုလိုနီနယ်ချဲ့နှင့် ဖက်ဆစ်တို့၏ စိုးမိုးအုပ်ချုပ်ဖိနှိပ်မှုများကို တွန်းလှန်ကျော်လွှားပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်နေပြီဖြစ်သည်။

မြန်မာတိုင်းရင်းသားတို့၏ရင်ထဲတွင် စည်းလုံးညီညွတ်မှုအနှစ်များ စူးနစ်စွဲထင်သည်။ **"အချောင်းတစ်ရာရှိသောမြား လူအများမချိုးနိုင်။ အတူတကွ တူညီစားမှ ချိုသည်။ အတူတကွ ကူညီထမ်းမှ ပေါ့သည်၊ အများလက်နှင့် ဝိုင်းကိုင်လျှင် မညွတ်နိုင်၊ စုပေါင်းဝိုင်းလုပ်လျှင် အမြန်ပြီးစီးအောင်မြင်နိုင်သည်။ နှီးများလျှင် ခိုင်ခံ့ ၊ လျှော်များလျှင် ကျစ်လျစ်။ တစ်စေ့တစ်စေ့ဖြည့်လို့သာ ဆတ်တင်းတစ်ရာ ပြည့်နိုင်သည်။ နှမ်းတစ်စေ့နှင့် ဆီမဖြစ်။ ဝါးမကွဲဘဲနဲ့ ရေမဝင် ဝါးကွဲမှသာ ရေဝင်သည်။ ရွာညီလျှင် ကျားမဝင်နိုင်။ တစ်ယောက်အားနှင့်ဆောင်သော် မရ တစ်သောင်းအားနှင့်ဆောင်သော် ရသည်"** စသည့် တိုင်းရင်းသားအသီးသီး၏ စကားပုံများသည် အတွေ့အကြုံများမှ ရရှိသောသင်ခန်းစာများကို လှစ်ဟထားခြင်းဖြစ်သည်။

ယနေ့ကမ္ဘာတွင် နိုင်ငံအများက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို ဦးတည်နေကြပြီ။ သို့သော် ဖွံ့ဖြိုးတိုးတက်စနိုင်ငံများမှာ ဓနအင်အားကြီးမားသောနိုင်ငံအချို့၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ရေး၊ အင်အားသုံးအနိုင်ကျင့်ရေး ဖန်တီးလုပ်ဆောင်နေမှုများကို ရင်ဆိုင်နေရဆဲဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ သဘာဝအရင်းအမြစ် ကြွယ်ဝသည့်နိုင်ငံ၊ ပထဝီနိုင်ငံရေးအရ အချက်အချာကျသည့် နိုင်ငံအနေဖြင့် ပြည်ပအင်အားစုများ၏ ဩဇာလွှမ်းမိုးချုပ်ကိုင်နိုင်ရေး အားထုတ်လာမှုများကို မပြတ်သောသတိဖြင့် တားဆီးသွားကြရန် လိုအပ်မည်ဖြစ်သည်။

အဓိကအားဖြင့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှု ရှိကြရပေမည်။ တိုးတက်ပြောင်းလဲရွေ့လျားနေသော ခေတ်ကာလရေစီးကြောင်းနှင့်အတူ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နေသည့်ကာလတွင် နိုင်ငံတော်အစိုးရတစ်ရပ်တည်း တည်ဆောက်၍မရ။ တိုင်းရင်းသားပြည်သူအားလုံးက ညီညီညွတ်ညွတ် ပါဝင်ဆောင်ရွက်ကြရမည့် အချိန်အခါ။ မှန်ကန်သော ဒီမိုကရေစီကျင့်စဉ်များ ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားရေး၊ တရားဥပဒေစိုးမိုးခိုင်မာရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုရရှိရေးတို့အတွက် လက်တွဲပါဝင်ဆောင်ရွက်ကြရ အခြေအနေ။

ခေတ်သစ်စနစ်သစ် နိုင်ငံသစ်ကိုတည်ဆောက်ရေးတွင် နိုင်ငံတည်ငြိမ်အေးချမ်းသာယာရေးသည် အဓိကအချက်ဖြစ်၏။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မြဲမှသာ တည်ငြိမ်အေးချမ်းမှုရရှိနိုင်မည် ဖြစ်၏။ ပြည်ထောင်စုကြီး ဥမကွဲသိုက်မပျက်စေရေး ကာကွယ်စောင့်ရှောက်ရန် တိုင်းရင်းသားအားလုံးတွင် တာဝန်ရှိ၏။ တစ်မြေတည်းနေ တစ်ရေတည်းသောက်နေကြသည့် ညီအစ်ကိုမောင်နှမချင်း ချစ်ခင်ရင်းနှီးပေါင်းစည်းကြရမည့်အချိန်ပင် ဖြစ်၏။

ပြည်ထောင်စု၏ သမိုင်းကြောင်းသည် တိုင်းရင်းသားလူမျိုးအားလုံး၏ သမိုင်းပင်ဖြစ်၏။ စည်းလုံးညီညွတ်ခြင်းသည် ပြည်ထောင်စု၏အင်အားဖြစ်၏။ နိုင်ငံအတွင်း မည်သည့်ဒေသတွင် နေထိုင်ကြသည်ဖြစ်စေ ပြည်ထောင်စုတိုင်းရင်းသားအားလုံးတို့က စိတ်ဓာတ်ကောင်း၊ စည်းလုံးညီညွတ်မှုအစဉ်အလာကောင်းများနှင့်အတူ ငြိမ်းချမ်းသာယာသောဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်သွားကြရန် တိုက်တွန်းပါသည်။ ။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဂျပန်နိုင်ငံ NITTETSU MINING Co., Ltd. မှ မန်နေဂျာ Mr. Sensuke Arai ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၉

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဂျပန်နိုင်ငံ NITTETSU MINING Co., Ltd. မှ မန်နေဂျာ Mr. Sensuke Arai ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် သတ္တုတူးဖော်ရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံလုပ်ဆောင်ရာ၌ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် နိုင်ငံတကာသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လုပ်ဆောင်သွားနိုင်ရန် ကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်တို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၀-၂-၂၀၁၂ (သောကြာနေ့)

| | |
|---|---|
| ၇း၁၀ | တရားတော် |
| ၇း၂၅ | အေးချမ်းသာယာပြည်မြန်မာ |
| ၄း၁၅ | လျှပ်တစ်ပြက် |
| ၄း၅၅ | ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ(သင်္ချာ) |
| ၅း၃၀ | လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ် |
| ၆း၃၀ | 'ရွှေ'ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၃၄) -အတိတ်လွှန် (ဒုတိယပိုင်း) (သူရဇ္ဇ၊ ဝင်းသပြေထွန်း၊ နိုင်ဝင်းနှင့်သရုပ်ဆောင်များ) |
| ၆း၄၅ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၇း၀၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကွန်ဖူးဘုရင် ဘရုစ်လီ (အပိုင်း-၃)** |
| | သံစဉ်များနှင့်ကမ္ဘာ |
| | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်ကြီး. . . ချစ် (အပိုင်း-၁၄)** |
| | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သမုဒယနှောင်ကြိုး (အပိုင်း-၂)** |

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၉ - ၂ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၇၇၄၉ | ၀. ၀၃၂၄၉ |
| တရုတ် (ယွမ်) | ၆. ၃၀၀၈၀ | ၀. ၁၅၈၇၁ |
| အိန္ဒိယ (ရူပီး) | ၄၉. ၅၀၄၃ | ၀. ၀၂၀၂၀ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၀၆၅၀ | ၀. ၃၃၂၆၁ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၄၈၂၁ | ၀. ၈၀၁၁၅ |
| ဂျပန် (ယန်း) | ၇၇. ၂၇၄၂ | ၀. ၀၁၂၉၄ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၁၆. ၆၂ | ၀. ၀၀၀၉၀ |
| ယူရို | ၀. ၇၅၄၇၄ | ၁. ၃၂၄၉၅ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၀၆၇ | ၁. ၅၈၅၆၁ |

*အင်တာနက်။*

## (၆၄)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း

### အဘိဓမ္မပိဋက၊ အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်းသဘောရေးဖြေအောင် တိပိဋကကောဝိဒ (၁)ပါး

ပလ္လင်အမှတ်(၂၁၆) အရှင်ကန္တာစရိယ၊ အသက်(၄၇)နှစ်၊ သိက္ခာ(၂၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

### သုတ္တန္တပိဋက၊ဒီဃနိကာယ်သုံးကျမ်းသဘောရေးဖြေအောင် ဒီဃနိကာယကောဝိဒ(၂)ပါး

ပလ္လင်အမှတ်(၂၃၄) အရှင်ဝါသေဋ္ဌ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၂၃၆) အရှင်သေဋ္ဌဉာဏာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်းသုံးကျမ်းသဘောရေးဖြေအောင် ဝိနယကောဝိဒ(၂)ပါး

ပလ္လင်အမှတ်(၂၄၈) အရှင်ဇနိန္ဒ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၂၅၈) အရှင်ဩဘာသာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

### ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်းသဘောရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ(၁၀)ပါး

ပလ္လင်အမှတ်(၂၈၅) အရှင်ခေမိဿရ၊ အသက်(၃၇)နှစ်၊ သိက္ခာ(၁၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက် ၊မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၂၈၇) အရှင်ဥတ္တမ(မွန်)၊ အသက်(၃၇)နှစ်၊ သိက္ခာ(၁၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၂၈၉) အရှင်ယောသိတ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၅)ဝါ၊ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၃၃၄) အရှင်ပညာစက္က၊ အသက်(၂၉)နှစ်၊ သိက္ခာ (၉)ဝါ၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၃၃၆) အရှင်ဝိနယ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၃၄၉) အရှင်တိက္ခသာရာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး (အထူးအောင်)

ပလ္လင်အမှတ်(၃၅၈) အရှင်တေဇောဘာသာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၃၆၁) အရှင်ကန္တကာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၃၆၂) အရှင်အဂ္ဂဉာဏာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ ဆင်ဖြူကျောင်း၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

ပလ္လင်အမှတ်(၃၆၉) အရှင်ဝဏ္ဏိဿရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၃)ဝါ၊ မင်္ဂလာအေးကျောင်း၊ စကုတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

(ဆက်လက်ဖော်ပြပါမည်)

ဒလမြို့နယ် ဆာပါချောင်ကျောင်းစုရပ်ကွက်ရှိ အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်းတွင် ၂၀၁၀- ၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပရာ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မခင်ခက်ခက်ခိုင်အား ကျောင်းအုပ်ဆရာကြီး ဦးမျိုးခင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၅၆၉)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# အရည်အချင်းမြင့်မားသော မျိုးဆက်သစ်များ မွေးမြူလေ့ကျင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် စီမံခန့်ခွဲခြင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (၁/၂၀၁၂)ကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရဲရွှာခန်းမ၌ ကျင်းပရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း တက်ရောက်၍ အမှာစကားပြောကြားရာတွင် အလုပ်ရုံဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ရည်မှန်းချက်တာဝန်(၉)ရပ်ကို ချမှတ်လုပ်ဆောင်လျက်ရှိရာ "အရည်အချင်းမြင့်မားသော မျိုးဆက်သစ်များ မွေးမြူလေ့ကျင့်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် (Human Resources) ဖွံ့ဖြိုးတိုးတက်မှုနှင့် စီမံခန့်ခွဲခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်" ဆိုသည့် ရည်မှန်းချက်ကိုလည်း ထည့်သွင်းဖော်ဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနအတွင်း တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား အရည်အချင်းမြင့်မားသော၊ အရည်အချင်းပြည့်ဝသော မျိုးဆက်သစ်များအဖြစ် မွေးမြူလေ့ကျင့်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပနိုင်ငံများသို့ ပညာသင်ဆုများရယူ၍ မဟာဘွဲ့သင်တန်းများ တက်ရောက်စေခြင်း၊ ပြည်ပနိုင်ငံများတွင် ဖွင့်လှစ်သည့် မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင်သော ရက်တို၊ ရက်ရှည် သင်တန်းများ၊ Workshop နှင့် Seminar များသို့ တက်ရောက်စေခြင်း၊ ပြည်တွင်း၌ ပြုလုပ်သော နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှင့် အခြားသင်တန်းများသို့ တက်ရောက်စေခြင်းအပြင် နေပြည်တော် ပျဉ်းမနားမြို့ ပေါင်းလောင်းဒေသတွင်လည်း ရေအားလျှပ်စစ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနသင်တန်းကျောင်းကို ၂၀၀၈ ခုနှစ်တွင် တည်ထောင်ဖွင့်လှစ်ကာ ဌာနတွင်း နည်းပညာဆိုင်ရာသင်တန်းများ၊ စီမံခန့်ခွဲမှု၊ ငွေစာရင်းနှင့် ကွန်ပျူတာ သင်တန်းများကို စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း။

ထို့အပြင် ဝန်ထမ်းများ၏ အသိပညာဗဟုသုတ တိုးတက်ပြန့်ပွားစေရန် ရည်ရွယ်ပြီး ပညာရပ်နှင့် သက်ဆိုင်သည့် Workshop၊ Seminar များ၊ နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Technical Workshop) များကို ကျင်းပပေးခဲ့ရာ ယခုဆိုလျှင် စတုတ္ထအကြိမ်မြောက် ပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ပညာရပ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများကို ရည်ရွယ်ချက်ကောင်းကောင်းဖြင့် ကျင်းပပေးနေခြင်းကြောင့် ဝန်ထမ်းများအနေဖြင့် ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာပြီး ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များအပေါ် စွမ်းစွမ်းတမံဆောင်ရွက်နိုင်သည့် ယုံကြည်စိတ်ချအားထားရသော စံနမူနာပြဝန်ထမ်းကောင်းများဖြစ်အောင်၊ အနာဂတ်ခေါင်းဆောင်ကောင်းများဖြစ်အောင် ကိုယ်စီအားထုတ်ကြိုးပမ်းတည်ဆောက်သွားကြရန်နှင့် တင်ပြဆွေးနွေးချက်များအပေါ် သိရှိလိုသည့် အချက်များကို ပြန်လည်ဆွေးနွေး၊ လေ့လာမှတ်သားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စာတမ်းရှင်များက စာတမ်းများဖတ်ကြားဆွေးနွေးရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် အလုပ်ရုံဆွေးနွေးပွဲ သဘာပတိအဖွဲ့ဝင်များက သိရှိလိုသည်များကို ပြန်လှန်မေးမြန်းသုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း ပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (၁/၂၀၁၂)တွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

# ဒုတိယဝန်ကြီး ဦးငွေးအောင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ ကြည့်ရှုစစ်ဆေးမှာကြား

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးငွေးအောင်သည် ယနေ့ညနေ ၃ နာရီတွင် ဝန်ကြီးဌာနက ကြီးကြပ်၍ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (နေပြည်တော်)၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်သင်ကြားနေသော ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းများ အမှတ်စဉ် (၄/၂၀၁၂)၏ အစားအစာနှင့် အဖျော်ယမကာ ထုတ်လုပ်ရေးသင်တန်း ဖွင့်လှစ်သင်ကြားပေးနေသည့် နေပြည်တော် ဟိုတယ်ဇုန်ရှိ မင်္ဂလာသီရိဟိုတယ်သို့ ရောက်ရှိပြီး သင်တန်းသား သင်တန်းသူများ လက်တွေ့ဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**(ဝဲပုံ)**

ဆက်လက်၍ အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်း သင်ကြားပေးနေသည့် တော်ဝင်နေပြည်တော် ဟိုတယ်သို့ ရောက်ရှိပြီး သင်တန်းတွင် သင်ကြားပို့ချနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် ဒုတိယဝန်ကြီးက သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများအား တွေ့ဆုံမှာကြားရာ၌ နေပြည်တော်ရှိ ဟိုတယ်များသည် အချိန်တိုကာလအတွင်း ဖြစ်ပေါ်တိုးတက်လာခြင်းဖြစ်ကြောင်း၊ ဟိုတယ်များ၏ အသွင်အပြင်နှင့် အသုံးအဆောင်များသည်လည်း ထိုက်သင့်သည့် အဆင့်ရှိကြောင်း၊ အဓိကလိုအပ်သည်မှာ ဟိုတယ်တွင်ရှိသည့် ဝန်ထမ်းအားလုံး၏ ဝန်ဆောင်မှုအရည်အသွေး ကောင်းမွန်ရေးပင်ဖြစ်ကြောင်း၊ ထို့အတွက် ဝန်ကြီးဌာနသည် နေပြည်တော်ရှိ ဟိုတယ်များမှ ဝန်ထမ်းများအား လိုအပ်သည့်သင်တန်းများ ယခုကဲ့သို့ ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် စာတွေ့လက်တွေ့သင်ခန်းစာများကို အပတ်တကုတ်ကြိုးစားသင်ယူပြီး လုပ်ငန်းခွင်တွင် ထူးချွန်သည့်ဝန်ထမ်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် အလေးထားမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရန်ကုန်မြို့အတွင်း အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားစွန့်ပစ်ရန် နှိုးဆော်ချက်ထုတ်ပြန်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့တွင် ဧပြီ ၁ ရက်မှစတင်၍ စွန့်ပစ်ဘုရားပန်း၊ အလှုဆင်ပန်းနှင့် မီးဖိုချောင်ထွက် အမှိုက်၊ စားကြွင်းစားကျန်စသည့် အမှိုက်စိုများကို အပြာနုရောင် ပလတ်စတစ်အိတ်ဖြင့် လည်းကောင်း၊ ထုပ်ပိုးကုန်များ၊ အိမ်ပြင်ရာ၊ အိမ်ဖျက်ရာမှ ထွက်လာသည့် ပစ္စည်းများ၊ မီးသီးမီးချောင်း အကျွမ်းများ၊ ပုလင်းကွဲ၊ စက္ကူ၊ အဝတ်စုတ်စသည့် အမှိုက်ခြောက်များကို အစိမ်းနုရောင် ပလတ်စတစ်အိတ်ဖြင့် လည်းကောင်း လုံခြုံစွာချည်နှောင်၍ သတ်မှတ်နေရာတွင် စွန့်ပစ်ရန်၊ အမှိုက်စိုကို နေ့စဉ် စွန့်ပစ်ခွင့်ရှိကြောင်းနှင့် အမှိုက်ခြောက်ကို အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့ နှစ်ရက်သာ စွန့်ပစ်ခွင့်ရှိကြောင်းဖြင့် နှိုးဆော်ကြေညာချက် ထုတ်ပြန်ထားသည်။

ပြင်ပတွင် အမှိုက်အိတ်မှာ ၉ လက်မ× ၂၀ လက်မ အရွယ် ၁၅ ကျပ်နှုန်း၊ ၁၂ လက်မ×၂၅ လက်မ အရွယ် ၂၀ ကျပ်နှုန်းနှင့် ၁၆ လက်မ×၃၂ လက်မ အရွယ် ၈၀ ကျပ်နှုန်းခန့်ရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ အိမ်ရှင်မအချို့က "အမှိုက်အိတ်ကို အရောင်နဲ့ သတ်မှတ်ထားတော့ အပြင်က ပလတ်စတစ်အိတ်ကို မဖြစ်မနေ ဝယ်သုံးရမယ့် အခြေအနေ ဖြစ်နေတယ်။ မီးဖိုချောင်ထွက် အမှိုက်ဆိုတာ နေ့စဉ်ထွက်နေတာ၊ အိမ်မှာစုထားပြီး ရက်ခြားပစ်ဖို့ကလည်း အနံ့အသက်ရှိတော့ ထားလို့မရဘူး၊ အဲဒီလိုနေ့စဉ်ပစ်ရင် ပလတ်စတစ်အိတ်ဖိုးကလည်း နေ့စဉ် ကုန်ကျနေမယ်။ တစ်ရက်နှစ်ရက်မှာ မသိသာပေမယ့် ရက်ကြာလာရင် အိတ်ဖိုးစရိတ်က ထောင်းလာမယ်၊ အထွေထွေစရိတ်ကြီးမြင့်နေတဲ့အချိန်မှာ အမှိုက်ပစ်စရိတ် ထပ်ကြီးနေဖို့မသင့်ပါဘူး"ဟု ပြောဆိုနေကြသည်။

အရောင်ဖြင့် အိတ်များသုံးရမည်ဆိုသည်မှာလည်း မလိုလားအပ်သော ကုန်ကျစရိတ်ပင်ဖြစ်ကြောင်း၊ ဈေးဝယ်သည့်အခါ ဈေးဆိုင်များမှ ပစ္စည်းထုပ်ပိုးပေးသည့် ပလက်စတစ်အိတ်ခွံများ အိမ်ရှင်မများထံတွင် အများအပြားရှိကြောင်း၊ မလိုလားအပ်သော ကုန်ကျစရိတ်များ မရှိစေရေးအတွက် ယင်းပလတ်စတစ်အိတ်များကို လုံခြုံစွာချည်နှောင်စွန့်ပစ်မည်ဆိုပါကလည်း ရနိုင်ကြောင်း၊ မြို့တော်စည်ပင်အနေဖြင့် အမှိုက်စိုပုံး၊ အမှိုက်ခြောက်ပုံးဟု သီးခြားခွဲ၍ လက်ခံသွားပါက ဖြစ်နိုင်ကြောင်းနှင့် အထွေထွေအသုံးစရိတ်ဖြင့် ဝန်ပိနေသော အိမ်ရှင်မများအား ဝန်ပိုမပိအောင် မလုပ်သင့်ကြောင်း၊ အခြားသင့်တော်သော နည်းရှိလျှင် ကောင်းမည်ဖြစ်ကြောင်းဖြင့် သုံးသပ်ပြောကြားကြသည်။

(မောင်လှိုင်)

# ဆကာကြီးအသင်း(ရန်ကုန်) အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ဆကာကြီးအသင်း(ရန်ကုန်)၏ (၄၁) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက် (စနေနေ့) နံနက် ၈ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက်ဝင်းအတွင်းရှိ ဂန္ဓကုဋိတိုက်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် အသက် (၈၀)နှင့်အထက် အသင်းဝင်များ၊ အသင်းဝင်မိသားစုများ၊ တက္ကသိုလ်ပါရဂူဘွဲ့ရနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သား၊ သမီးများသည် အထောက်အထားများနှင့်အတူ ဖေဖော်ဝါရီ ၁၈ ရက် နောက်ဆုံးထား၍ ပေးပို့ကြရန်နှင့် ဦးအောင်မိုးဇော် ဖုန်း-၇၃၀-၇၆၈၀၈၊ ဦးကျော်မြင့် ဖုန်း-၅၁၈၁၃၂၊ ဦးအောင်ကြည် ဖုန်း-၂၉၁၁၆၉၊ ဦးအေးကြူ ဖုန်း-၅၀၁၄၈၄၊ ဒေါ်မိမိခင်ခင်ကြီး ဖုန်း-၅၄၂၂၆၅၊ ဦးအောင်မြင့် ဖုန်း-၂၂၇၉၁၂၊ ဦးတင်ဦး ဖုန်း-၇၃၀၄၃၂၂၃၊ ဦးစံဝင်း ဖုန်း-၅၁၀၅၈၆၊ ဦးမြတ်ထွန်း ဖုန်း-၀၉-၅၁၂၆၈၄၁၊ ဦးသောင်းညွန့် ဖုန်း-၅၁၇၂၈၆၊ ဦးစန်းလွင် (ဆကာကြီး)၊ ဦးမြသောင်း (ဆကာကြီး)ဖုန်း-၀၉-၈၆၀၀၈၀၉ တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**ဥတုရာသီ တောကိုမို၏**

# စာပေမျိုးဆက်များ တွေ့ဆုံပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

စာရေးဆရာကြီးများနှင့် စာရေးဆရာမကြီးများ၏ သားသမီးများမှ စာပေရေးသူများ အတူတကွ ချစ်ခင်ရင်းနှီးစွာ တွေ့ဆုံကြရန်၊ စာပေအမွေပေးခဲ့သော ဖခင် မိခင်တို့၏ စာပေလက်ရာ အနုပညာပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊ စာပေမျိုးဆက်များ တစ်ဦးနှင့်တစ်ဦး စာပေရေးရာ၊ လူမှုရေးရာကိစ္စရပ်များတွင် ဖေးမကူညီနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြုလုပ်သည့် စာပေမျိုးဆက်များတွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၄ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)ရှိ Mr.Brown Cafe ၌ ကျင်းပရာ အခမ်းအနားသို့ စာရေးဆရာများဖြစ်ကြသည့် ဝင်းငြိမ်း၊ ဟိန်းလတ်၊ သူရဇော်၊ မင်းလူ၊ စည်သူမြသန်း၊ ဝင်းဝေနောင်၊ မောင်ရွှေစွန်၊ မျိုးသန့်ဆွေ၊ နိုင်စွမ်း၊ မောင်မောင်ဝင့်ဝါ၊ ဒေါ်ခင်ဆွေဦး၊ မစန္ဒာ၊ သမီးတင့်တယ်၊ မေအောင်လင်း၊ တင်မိခိုင်၊ သွေး(စစ်ကိုင်း)၊ နတ်မောက်အနီချို၊ ခင်(တိုင်းရင်းမေ)၊ မြသန္တာ၊ မြပုလဲခင်၊ မြူမြူ၊ ခိုင်မာလင်း၊ စုမိအောင်၊ မေသရဝဏ်ဦး၊ လှဲ့ဝင်းကြည် (ချို)၊ သွန်းနှင်းအိမ်၊ ရဲမြင့်နောင်၊ ငုဝါဝါလှိုင်၊ ခင်ငြိမ်းအေးစသော စာပေမျိုးဆက် စာရေးသူများနှင့် အလင်းတန်း၊ လျှပ်တစ်ပြက်၊ ဧရာဝတီ၊ MRTV-4, Family Entertainment-5 Series မှ သတင်းထောက်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (ကိုကြီးသာ)

# ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း အသေးစားချေးငွေများ မြိတ်မြို့၌ ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း တတိယအကြိမ် အသေးစားချေးငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီတွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပရာ မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက အမှာစကား ပြောကြားသည်။

ယင်းနောက် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သီရိမင်္ဂလာဈေး ဈေးသူ ဈေးသား ၁၁၅ ဦးအတွက် ငွေကျပ် ၆၉ သိန်းနှင့် ဆိပ်ငယ်ဈေး ဈေးသူ ဈေးသား ၁၃၅ ဦး အတွက် ငွေကျပ် ၈၁ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၁၅၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ပြင်ဦးလွင်မြို့နယ် မီးဘေးကြိုတင်ကာကွယ်

**မန္တလေး ဖေဖော်ဝါရီ ၉**

ပွင့်လင်းရာသီ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပြင်ဦးလွင်မြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကော်မတီမှ မြို့နယ်အတွင်းရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်း၊ သရုပ်ပြသခြင်းများကို အရှိန်အဟုန်မြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းစိုးသည် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးစောမျိုးသန့်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ လိုက်ပါလျက် ဇန်နဝါရီ ၂၀ ရက် နံနက်က အမှတ်(၆) ရပ်ကွက်ရှိ "မချို-မီးမီး" စက်သုံးဆီအရောင်းဆိုင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။**(အောက်ပုံ)**

(၃၈၇)

# မဟာဗျူဟာမြောက် ဒုံးလက်နက်များပစ်ခတ်မှု သတင်းများဖလှယ်ရန် ရုရှားနှင့် အမေရိကန် သဘောတူ

မော်စကို ဖေဖော်ဝါရီ ၉

**ရုရှားနှင့် အမေရိကန်နိုင်ငံတို့သည် မဟာဗျူဟာမြောက် ဒုံးလက်နက်များ ပစ်ခတ်မှုနှင့်ပတ်သက်၍ သတင်းများ အပြန်အလှန်ဖလှယ်ကြရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၈ရက်တွင် ပြောကြားသည်။**

မဟာဗျူဟာမြောက်လက်နက် လျှော့ချရေးစာချုပ်သစ် (စတတ်)ရေးဆွဲရေးဆိုင်ရာ ရုရှား-အမေရိကန် ပူးတွဲကော်မရှင်၏ အစည်းအဝေးကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဇန်နဝါရီ ၂၄ရက်မှ ဖေဖော်ဝါရီ ၇ရက်အထိကျင်းပခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တစ်ရပ်တွင် ပြောကြားသည်။

တိုက်ချင်းပစ်ဒုံးလက်နက်များ သို့မဟုတ် ရေငုပ်သင်္ဘောမှ ပစ်ခတ်နိုင်သော ဒုံးလက်နက်များ ပစ်ခတ်ခြင်းနှင့် ပတ်သက်၍ တစ်နိုင်ငံနှင့် တစ်နိုင်ငံ အသိပေးဆောင်ရွက်သွားကြရန် သဘောတူညီခဲ့ကြကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြသည်။

မဟာဗျူဟာမြောက် ဒုံးလက်နက်များ ပစ်ခတ်မှုသတင်း အချက်အလက်ဖလှယ်ရေးဆိုင်ရာ သဘောတူညီချက်ကို အကောင်အထည်ဖော်နိုင်ရေး၌ လက်တွေ့တွေ့ကြုံရနိုင်သော ပြဿနာများနှင့်ပတ်သက်၍ နှစ်နိုင်ငံဆွေးနွေးပွဲများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ **ဆင်ဟွာ။**

အမေရိကန်၏ တိုက်ချင်းပစ်ဒုံးကျည်လက်နက်ကို တွေ့ရစဉ်။

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပသော အလုပ်အကိုင် ရှာဖွေရေးပွဲတော်၌ အလုပ်လာရောက်လျှောက်ထားသူများကို တွေ့ရစဉ်။

# အမေရိကန်၌ အရွယ်ရောက်ပြီးသူ လူငယ်များ၏ အလုပ်လက်မဲ့နှုန်း စံချိန်တင်မြင့်တက်ခဲ့

ဝါရှင်တန် ဖေဖော်ဝါရီ ၉

**အမေရိကန်နိုင်ငံ၌ အရွယ်ရောက်ပြီးသူလူငယ်များ၏ အလုပ်လက်မဲ့နှုန်းသည် စံချိန်တင်မြင့်တက်ခဲ့ကြောင်း သုတေသန လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။**

အမေရိကန်နိုင်ငံ၌ စီးပွားရေးဆုတ်ကပ်၏ အကျိုးသက်ရောက်မှုကို အရွယ်ရောက်ပြီးသူလူငယ်များ အဓိကခံစားနေကြရကြောင်း ပြူးအမည်ရှိ သုတေသနအဖွဲ့အောက်ရှိ လူမှုရေးအလားအလာများ လေ့လာရေးစီမံကိန်း၏ သုတေသန လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံ၌ အသက် ၁၈နှစ်မှ ၃၄နှစ်အကြား လူငယ်များအနက် ၅၄ရာခိုင်နှုန်းသာလျှင် အလုပ်အကိုင် ရရှိကြကြောင်း၊ ဖော်ပြပါနှုန်းထားမှာ ၁၉၄၈ခုနှစ်နောက်ပိုင်း စံချိန်တင်နှုန်းထားဖြစ်ကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

အမေရိကန်လူငယ်များသည် လက်ရှိဖြစ်ပေါ်နေသော စီးပွားရေးတုံ့ဆိုင်းမှုကာလအပေါ် ကျေနပ်မှုမရှိကြကြောင်း သုတေသီ ကင်ပါကာကပြောကြားသည်။ **အင်တာနက်။**

# ဖီဂျီ၏ သစ်တောများအား မြေပုံထုတ်ရန် ဂြိုဟ်တုဓာတ်ပုံနည်းပညာ အသုံးပြုမည်

**ဆူးဗား ဖေဖော်ဝါရီ ၉**

ဖီဂျီနိုင်ငံ၏ သစ်တောများအား ဂြိုဟ်တု ဓာတ်ပုံများဖြင့် မြေပုံထုတ်မည့် အစီအစဉ်တစ်ရပ်ကို ပစိဖိတ်ဒေသနိုင်ငံများ အဖွဲ့ကအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၈ရက်တွင် ပြောကြားသည်။

### မြေပုံထုတ်မည်

ဖီဂျီနိုင်ငံ၏ သစ်တောများအား မြေပုံထုတ်မည့် အစီအစဉ်ကို အဆင့်သုံးဆင့်ဖြင့်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပစိဖိတ်ဒေသနိုင်ငံများအဖွဲ့မှ ဒေသဆိုင်ရာသစ်တော ပညာရှင် ဂျာလိဆီမာတီဘိုတိုက ပြောကြားသည်။

### ဖွင့်လှစ်မည်

ပစိဖိတ်ဒေသနိုင်ငံများအဖွဲ့အောက်ရှိ မြေရာအရင်းအမြစ်များဌာနနှင့်အသုံးချဘူမိသိပ္ပံနှင့် နည်းပညာဌာနတို့က ပူးတွဲကာ ဂြိုဟ်တုဓာတ်ပုံများဖြင့် သစ်တောမြေပုံထုတ်လုပ်ရေး နည်းပညာဆိုင်ရာ လေ့ကျင့်ရေးသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ယင်းသင်တန်းသို့ ဖီဂျီသစ်တောဌာနနှင့်ပစိဖိတ်ဒေသနိုင်ငံများအဖွဲ့တို့မှ ဝန်ထမ်းများကို တက်ရောက်စေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဖီဂျီနိုင်ငံ၏ သစ်တောထိန်းသိမ်းရေးလုပ်ငန်း၌ စံနမူနာပြသနိုင်သော ဒရာဝါဒေသကို အခြေခံကာသစ်တောဂြိုဟ်တုမြေပုံများထုတ်လုပ်သွားနိုင်ရန်သစ်တောဝန်ထမ်းများအား လေ့ကျင့်ပေးမည်ဖြစ်သည်။

**ဆင်ဟွာ။**

# ကမ္ဘာ့အရုပ်အပုဆုံး အိန္ဒိယအမျိုးသမီးလေး ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှု၌ ပါဝင်မည်

**နယူးဒေလီ ဖေဖော်ဝါရီ ၉**

ကမ္ဘာပေါ်တွင် အရုပ်အပုဆုံး အမျိုးသမီးလေးတစ်ဦးသည် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ကျင်းပမည့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်ရှိသော မဟာရာရှတြာ နာဗနီမန်ဆီနာပါတီအတွက် မဲဆွယ်စည်းရုံးရေးလုပ်ငန်းတွင် ပါဝင်လှုပ်ရှားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၈ရက်တွင် သတင်းထုတ်ပြန်သည်။

### ဖိတ်ခေါ်

ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် မဟာရာရှတြာနာ ဗနီမန်ဆီနာပါတီအား မဲဆန္ဒရှင်ပြည်သူများက စိတ်ဝင်စားမှုရှိလာရေးအတွက် ပါတီ၏ မဲဆွယ်စည်းရုံးရေးလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ပေးရန် ယင်းပါတီ၏ ခေါင်းဆောင် ရမ်ကာဒမ်ဂျိက ကမ္ဘာ့အရုပ်အပုဆုံးအမျိုးသမီးလေး အမ်ဂီအား ဖိတ်ခေါ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

### အထက်တန်းအောင်

အမ်ဂီသည် ပျမ်းမျှအရပ် ၆၂ ဒသမ ၈ စင်တီမီတာရှိပြီး ဂင်းနက်စ်ကမ္ဘာ့စံချိန်များ မှတ်တမ်းစာအုပ်က လွန်ခဲ့သည့် ဒီဇင်ဘာလတွင် ကမ္ဘာ့အရုပ်အပုဆုံး အမျိုးသမီးအဖြစ် ဖော်ပြခဲ့သည်။ အမ်ဂီသည် အသက်လေးလသားအရွယ် မိန်းကလေးများ၏ ပျမ်းမျှအရပ်အမောင်းနှင့် ညီမျှသော အရပ်အမောင်းကို ပိုင်ဆိုင်ကြောင်း၊ သူမသည် လွန်ခဲ့သည့်နှစ်က အခြေခံပညာ အထက်တန်းစာမေးပွဲကို အောင်မြင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

**အင်တာနက်။**

# စင်ကာပူသို့ ကမ္ဘာလှည့်ခရီးသည်လာရောက်မှု ၂၀၁၁ ခုနှစ်တွင် စံချိန်တင်မြင့်တက်ခဲ့

**စင်ကာပူ ဖေဖော်ဝါရီ ၉**

စင်ကာပူနိုင်ငံ၌ အသစ်ဖွင့်လှစ်ခဲ့သော ကာစီနို လောင်းကစားခန်းမများ၏ ဆွဲဆောင်နိုင်မှုကြောင့် လွန်ခဲ့သည့်နှစ်က ကမ္ဘာလှည့်ခရီးသည်လာရောက်မှု စံချိန်တင်မြင့်တက်ခဲ့ကြောင်း ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့က ဖေဖော်ဝါရီ ၈ ရက်တွင် ပြောကြားသည်။

### မြင့်တက်

လွန်ခဲ့သည့်နှစ်က စင်ကာပူနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် လာရောက်မှုသည် ၂၀၁၀ ပြည့်နှစ်ကထက် ၁၃ ရာခိုင်နှုန်း ပိုမို မြင့်တက်ကာ ကမ္ဘာလှည့်ခရီးသည်ဦးရေ ၁၃ ဒသမ ၂ သန်းအထိ မြင့်တက်လာခဲ့ကြောင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့က ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

လွန်ခဲ့သည့်နှစ်က စင်ကာပူနိုင်ငံသို့ လာရောက်သော အင်ဒိုနီးရှား ခရီးသည်ဦးရေ ၂ ဒသမ ၆ သန်းခန့်ရှိခဲ့ကြောင်း၊ တရုတ်၊ မလေးရှားနှင့် ဩစတြေးလျနိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသည်များသည် စင်ကာပူနိုင်ငံသို့ အများဆုံး လာရောက်သော ဧည့်သည်များစာရင်းတွင် ပါဝင်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

စင်ကာပူကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၏ ဝင်ငွေရရှိမှုမှာ ၁၇ ရာခိုင်နှုန်းပိုမို မြင့်တက်ခဲ့ပြီး စင်ကာပူဒေါ်လာ ၂၂ ဒသမ ၂ ဘီလီယံ(ဒေါ်လာ ၁၇ ဒသမ ၈ ဘီလီယံ) အထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

***အင်တာနက်။***

# ဥရောပတစ်ဝန်း အအေးလှိုင်းကျရောက်၍ သေဆုံးသူဦးရေ ၃၀၀ ကျော်ရှိ

**ဂျီနီဗာ ဖေဖော်ဝါရီ ၉**

ဥရောပဒေသတစ်ဝန်း၌ ရက်သတ္တတစ်ပတ်ကျော် ပြင်းထန်သော အအေးလှိုင်းကျရောက်လျက်ရှိသဖြင့် လေယာဉ်ခရီးစဉ်များကို ဆိုင်းငံ့ထားရပြီး ပြည်သူအများအပြားမှာ ကျန်းမာရေးထိခိုက်မှုဖြစ်ပေါ်ရကြောင်း၊ အအေးလှိုင်းကျရောက်မှုကြောင့် သေဆုံးသူဦးရေ ၃၀၀ ကျော်လွန်သွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။ **အင်တာနက်။**

# ပဋိဇီဝဆေးဝါးများ မတိုးနိုင်သည့် ကာလသားရောဂါအန္တရာယ် သိပ္ပံပညာရှင်များ သတိပေး

နယူးယောက် ဖေဖော်ဝါရီ ၉

**ဆီးပူညောင်းကျ ကာလသားရောဂါ (Gonorrhea)သည် ပဋိဇီဝဆေးဝါးများ အသုံးပြု စံချိန်မီကုထုံးအားလုံးကို တစ်စတစ်စ ခုခံနိုင်စွမ်းရှိလာပြီဖြစ်ရာ လူသားနှင့် ဗက်တီးရီးယားပိုးများအကြား စစ်ပွဲ၌ ဗက်တီးရီးယားပိုးများက အသာစီးရနေသည့် လက္ခဏာဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ဖေဖော်ဝါရီ ၉ ရက်တွင် သတိပေးခဲ့သည်။**

လိင်ဆက်ဆံမှုမှတစ်ဆင့် ကူးစက်တတ်ပြီး ကုသ၍မရနိုင်သည့် ဆီးပူညောင်းကျကာလသားရောဂါ ပြန့်ပွားမည့်အရေးအားတားဆီးရန် လိုအပ်သလိုအဆင့်ဆင့်လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဆီးပူညောင်းကျ ကာလသားရောဂါသည် ကမ္ဘာပေါ်တွင် အများဆုံးဖြစ်ပွားလေ့ရှိသော လိင်မှတစ်ဆင့် ကူးစက်တတ်သည့် ရောဂါဘယဖြစ်ပြီး အမေရိကန်ပြည်ထောင်စု တစ်နိုင်ငံတည်း၌ပင် တစ်နှစ်လျှင် လူပေါင်း ၆၀၀၀၀၀ ခန့်မျှသည် အဆိုပါရောဂါကို ခံစားကြရကြောင်း သုတေသနပညာရှင်များက ပြောကြားခဲ့သည်။

ဆီးပူညောင်းကျ ကာလသားရောဂါသည် ဒုတိယကမ္ဘာစစ်ကာလအတွင်း ဆာလဖာနေလာမိုက် (Sulfanilamide) ပဋိဇီဝဆေးဝါးကို ခုခံ နိုင်စွမ်းရှိခဲ့ပြီး ၁၉၈၀ ခုနှစ် ဝန်းကျင်တွင် ပင်နီဆလင် (Penicillin)နှင့် တက်ထရာဆိုင်ကလင်း (Tetracycline) စသော ပဋိဇီဝဆေးများကိုပင် ခုခံနိုင်စွမ်းရှိလာပုံပေါ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ခဲ့ကြသည်။

သို့ရာတွင် နောက်ဆုံးလေ့လာသုံးသပ်မှုများအရ Gonorrhea ရောဂါအတွက် နောက်ဆုံးခံစစ်စည်းအဖြစ် သတ်မှတ်ထားသည့် စီဖလိုစပရင်းစ်(Cephalosporins) ပဋိဇီဝဆေးကို ဆီးပူညောင်းကျကာလသားရောဂါက ခုခံနိုင်စွမ်းရှိလာကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ပြီဖြစ်သည်။

စီဖလိုစပရင်းစ်ဆေးဝါးကို ကာလသားရောဂါ ကာကွယ်ရေးအတွက် နောက်ဆုံးခံစစ်စည်းအဖြစ် အမေရိကန်ပြည်ထောင်စု ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာနက အသိအမှတ်ပြုထားသည်။ စီဖလိုစပရင်းစ် ပဋိဇီဝဆေးဝါးကို ခုခံနိုင်စွမ်းရှိသော မျိုးဗီဇပါဝင်သည့် ကာလသားရောဂါပိုးများကို ၂၀၀၃ ခုနှစ်မှ ၂၀၀၉ ခုနှစ်အကြား ကာလများတွင် ဂျပန်နိုင်ငံ၌လည်းကောင်း၊ ၂၀၁၀ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၌ လည်းကောင်း သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြသည်။

***အင်တာနက်။***



**ကာလသားရောဂါ (Ganorrhea)ဗိုင်းရပ်စ်ပိုးကို အဏုကြည့်မှန်ပြောင်းမှတစ်ဆင့် တွေ့ရစဉ်။**

# နေပြည်တော်ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းဒေသ အဆင့်မြင့်လယ်ယာမြေ ဧက ၁၀၀ တောင်သူပညာပေး ပုလဲသွယ်စပ်မျိုးစပါး မျိုးလေးမျိုး ယှဉ်ပြိုင်စိုက်ပျိုး

နေပြည်တော် ဖေဖော်ဝါရီ ၉

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းဒေသ အဆင့်မြင့်လယ်ယာမြေ ဧက ၁၀၀ စီမံကိန်းရှိ တောင်သူပညာပေးပုလဲသွယ်စပ်မျိုးစပါး မျိုးလေးမျိုး မျိုးယှဉ်ပြိုင် စိုက်ကွင်းသို့ရောက်ရှိရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက တောင်သူပညာပေး အဆင့်မြင့်လယ်ယာမြေဧက ၁၀၀ ဖော်ထုတ်ပြီးစီးမှု၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များဖြင့် ဆောင်ရွက်စိုက်ပျိုးနေမှု၊ စိုက်ကွင်းအတွင်း စိုက်ပျိုးရေးတက္ကသိုလ်မှ ထုတ်လုပ်သော ပုလဲသွယ်(၁)စပ်မျိုးစပါး၊ ပုလဲသွယ်(၂)စပ်မျိုးစပါးနှင့် ရွှေတောင်မြန်မာ့စိုက်ပျိုးရေးခြံမှ ထုတ်လုပ်သော ပုလဲသွယ်(၃)စပ်မျိုးစပါး၊ ပုလဲသွယ်(၄)စပ်မျိုးစပါးများ ယှဉ်ပြိုင်စိုက်ပျိုးထားရှိမှုနှင့် ရေရှည်တွင် မိဘလိုင်းထိန်းသိမ်းရန် သီးသန့်အဖိုလိုင်း(R) ခြောက်ဧက မျိုးသန့်မျိုးစေ့ထုတ်ရန် စိုက်ပျိုးထားရှိမှုများကို ရှင်းလင်းတင်ပြသည်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီနယ်မြေသည် တစ်နိုင်ငံလုံး၊ ပြည်ထောင်စုတစ်ခုလုံး၏ ဗဟိုချက်မဖြစ်၍ တောင်သူပညာပေး တစ်ဆက်တစ်စပ်တည်း စိုက်ခင်းများကို နေပြည်တော် မြို့နယ်ရှစ်မြို့နယ်အနှံ့ ထူထောင်စိုက်ပျိုး၍ တစ်ချိန်တည်း တစ်ပြိုင်တည်း စိုက်ပျိုးခြင်းကို စီမံချက်ဖြင့် စိုက်ပျိုးဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ မြို့နယ်ရှစ်မြို့နယ်တွင် ယခုနွေစပါးရာသီ၌ ပညာပေးစိုက်ကွင်းများမှ တောင်သူလယ်သမားများအား သိပ္ပံနည်းကျစိုက်နည်းစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် ယုံယုံကြည်ကြည်ဖြင့် ပိုင်နိုင်ကျွမ်းကျင်သွားအောင် လေ့ကျင့်ပညာပေးခြင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အဓိက ဦးတည်ရည်မှန်းချက်ဖြစ်သည့် တောင်သူလယ်သမားများ စပါးစိုက်ပျိုးထုတ်လုပ်ခြင်းမှ ဝင်ငွေပိုမိုတိုးတက်ရရှိစေလိုခြင်း ရည်မှန်းချက်အပေါ်တွင် အမှန်တကယ် တစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် အမှန်တကယ်စပါးထွက်ရှိမှုမှ အသားတင်ဝင်ငွေ အကျိုးအမြတ်ရရှိမှု မှတ်တမ်းများပြုစုထားရှိပြီး တောင်သူလယ်သမားများအား ပုလဲသွယ်စပ်မျိုးစိုက်ပျိုး ထုတ်လုပ်ခြင်းမှ ဝင်ငွေတိုးတက်ရရှိနိုင်မှုကို ထင်သာမြင်သာအောင် ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ မွန်မြတ်သောစေတနာဖြစ်သည့် တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုဘဝတိုးတက်စေရေးရည်မှန်းချက်ကို ပါဝင်ကြိုးပမ်း အကောင်အထည်ဖော်နေကြသည့် စိုက်ပျိုးရေး၊ ဆည်မြောင်း၊ စက်မှုလယ်ယာဌာနများမှ ပညာရှင်များ၊ ဝန်ထမ်းများအားလုံးတို့သည် တောင်သူလယ်သမားများ၏ ကိုယ်တွေ့ ခံစားရမှုကို ကိုယ်တိုင်ပါဝင်သိရှိနားလည်ကြပြီး လယ်ကွင်းထဲတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နေကြသည့်အပေါ် လုပ်ခလစာ အကျိုးသက်သက်မဟုတ်ဘဲ မြင့်မြတ်လေးနက်သော ဂုဏ်ယူစိတ်ဖြင့် တစိုက်မတ်မတ်ကြိုးစား လုပ်ဆောင်ပေးကြရေး မပြတ်တိုက်တွန်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ယင်းနောက် စိုက်ကွင်းအတွင်း စိုက်ပျိုးထားရှိသော ပုလဲသွယ်စပါးမျိုးစပါး (၁)၊ (၂)၊ (၃)၊ (၄)နှင့် အဖိုထိန်းလိုင်း(R) စိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကောက်စိုက်လုံမေများနှင့် တာဝန်ကျဝန်ထမ်းများအား စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာရှိ တောင်သူပညာပေး အဆင့်မြင့်လယ်ယာမြေ ၃၆၉ ဧက တစ်ကွင်းတစ်စပ်တည်း စိုက်ကွင်းသို့ရောက်ရှိသည်။

စိုက်ကွင်းအတွင်း ကုန်ထုတ်လမ်း(၅)လမ်း စုစုပေါင်းအရှည်ပေ ၁၅၁၅၀ နှင့် ယင်းလမ်းနှင့် ယှဉ်လျက်ရေသွယ်မြောင်း အရှည်ပေ ၁၅၁၅၀ ရာနှုန်းပြည့် ဖော်ထုတ်ပြီးစီးကြောင်း၊ ရေပေးမြောင်းမကြီး အရှည်ပေ ၂၆၇၇၀ ဆောင်ရွက်ပြီးစီးကြောင်း၊ စိုက်ကွင်းကို နေ့စဉ်ပျမ်းမျှဧက ၂၀ နှုန်းဖြင့် နေ့စဉ်တိုးတက် စိုက်ပျိုးနေသဖြင့် ယခုလ တတိယပတ်အတွင်း စိုက်ကွင်းတစ်ကွင်းလုံး ထွန်လုံးပိတ် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများအား ဤနေရာသည် ပုလဲသွယ်စပ်မျိုးစပါး အခြားမျိုးများနှင့် ရောနှောခြင်းလုံးဝမရှိဘဲ တစ်မျိုးတည်း စံနမူနာပြစိုက်ပျိုးထားသောနေရာဖြစ်သည့်အပြင် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်း ဧရာဟသ်ာကုမ္ပဏီ အနေဖြင့် တင်းတစ်ရာလျှင် ငွေကျပ်လေးသိန်းကျပ်နှုန်းဖြင့် တစ်ဧက ငွေကျပ်နှစ်သိန်းဖြင့် ကြိုတင်ငွေပေးထားပြီးဖြစ်ကြောင်း၊ ထွက်ရှိလာသည့် စပါးများ မျိုးကောင်း မျိုးသန့်ဖြစ်ရန် စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ မျက်ခြည်မပြတ် ကူညီကြပ်မတ်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

စပါးတင်း ၁၀၀ လျှင် ငွေကျပ်လေးသိန်းဈေးအပြင် ပို၍ တင်း ၂၀၀ အထိ အထွက်တိုးလာပါက ဝင်ငွေများနှစ်ဆမက ပိုမိုရရှိမည်ဖြစ်ကြောင်း၊ နွေစပါးအောင်မြင်ရေးသော့ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေး အဓိကဖြစ်သဖြင့် ဆည်မြောင်းဌာနက လုံလောက်သော စိုက်ပျိုးရေရရှိရေးကို တောင်သူများနှင့်ချိတ်ဆက်၍ ကြားကွက်လပ်မကျန် စီစဉ်ကူညီပေးသွားရန်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားပြီး စိုက်ကွင်းအတွင်း ဖြစ်ထွန်းအောင်မြင်နေသော ပုလဲသွယ်စပါး F1 တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကာ ကောက်စိုက်လုံမေများနှင့် ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာဒေသ အဆင့်မြင့်လယ်ယာမြေ ၉၄၅ ဧက စိုက်ကွင်းသို့ ရောက်ရှိပြီး ပုလဲသွယ်စပ်မျိုးစပါးများကို ကောက်စိုက်လုံမေများက သိပ္ပံနည်းကျ စိုက်နည်းစနစ် ချက်ချင်းနုတ် ချက်ချင်းစိုက်စနစ်ဖြင့် တပျော်တပါး စိုက်ပျိုးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ (၆၅)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# (၆၅)ကြိမ်မြောက် မွန်အမျိုးသားနေ့နှင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၉

**(၆၅)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် ညနေ ၅ နာရီတွင် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ကျင်းပရာ ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်နှင့် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဖေတင်တို့က (၆၅)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**

ထို့နောက် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး လူမှုထူးချွန်မွန်လူကြီးများအား ဂုဏ်ပြုဆုချီးမြှင့်ကာ ဒုတိယဥက္ကဋ္ဌ ဒေါ်ကွန့်ချစ်ချစ်က မွန်အမျိုးသားနေ့ ထာဝရငွေပဒေသာပင် အလှူရှင်များအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များပေးအပ်သည်။

ဆက်လက်၍ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရန်ကုန်မြို့တော်ဝန်တို့အား အထိမ်းအမှတ်လက်ဆောင်များပေးအပ်ကာ မွန်တိုင်းရင်းသားပဒေသာကပွဲဖြင့် တင်ဆက်ဖျော်ဖြေခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က ဆောင်ရွက်ပြီးစီးခဲ့သော မြောက်ဥက္ကလာပမြို့နယ် သုဇာတာလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ကွန်ကရစ်လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယနေ့ဖွင့်လှစ်လိုက်သော သုဇာတာ ကွန်ကရစ်လမ်းသစ်မှာ အရှည် ၃၆၆၈ ပေနှင့် အကျယ် ၄၈ ပေရှိပြီး လမ်းဘေးတစ်ဖက်တစ်ချက်တွင် အကျယ် ၃ ပေ၊ အနက် ၃ ပေရှိ အုတ်ရေမြောင်း တည်ဆောက်ထားကာ လမ်းခံနိုင်ဝန်မှာ တန် ၆၀ ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း — အောဝမ်းစိုး

### အယ်လ်ဘမ်သစ်အတွက် ဖလိုရီဒါနှင့် ပူးတွဲလုပ်ကိုင်နေသည့် ပဲရစ်ဟီလ်တန်

ကမ္ဘာကျော်အဆိုတော်တစ်ဦးဖြစ်သည့် ပဲရစ်ဟီလ်တန်**(ယာပုံ)**က သူမ၏ နောက်ထပ် တေးအယ်လ်ဘမ်သစ် ထုတ်လုပ် ဖြန့်ချိရေးအတွက် ရက်ပ်ဂီတအဆိုတော်(ရက်ပ်ပါ)ဖလိုရီဒါနှင့် ပူးတွဲဆောင်ရွက်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

ပဲရစ်ဟီလ်တန်က သူမ၏ တွစ်တာဝက်ဘ်ဆိုက် စာမျက်နှာတွင် နောက်ထွက်မည့် အယ်လ်ဘမ်သစ်အတွက် သီချင်းသုံးပုဒ်ခန့် သွင်းပြီးသွားကြောင်း၊ ယင်းတေးအယ်လ်ဘမ်အတွက် အကောင်းဆုံးဖြစ်အောင် အစွမ်းကုန်ကြိုးစားနေပါကြောင်း၊ ယင်းတေးအယ်လ်ဘမ် ထွက်ရှိရေးအတွက် ကြည်နူးဝမ်းသာမိသကဲ့သို့ စိတ်လှုပ်ရှားမှုလည်း ဖြစ်ရကြောင်း ရေးသားဖော်ပြခဲ့သည်။

ရက်ပ်ပါဖလိုရီဒါသည် The Saturdays အမျိုးသမီးတေးဂီတ အဖွဲ့အပါအဝင် ဂီတငွေကြယ်ပွင့် အတော်များများနှင့်အတူ လက်တွဲသီဆိုဖူးသူတစ်ဦးဖြစ်ပြီး မကြာသေးမီက ဝက်ဘ်ဆိုက်တစ်ခုတွင် သူနှင့်ပဲရစ်ဟီလ်တန်တို့ တေးသီချင်း အသံသွင်းနေသည့် ပုံရိပ်များကို ဖော်ပြခဲ့သည်။

***အင်တာနက်။***

## စာအုပ်စာပေ လူ့မိတ်ဆွေ

# ဧပြီလ ၁ ရက်မှစ၍ အိမ်သုံးနှင့် စီးပွားသုံး ရေဖိုးရေခများ တိုးမြှင့်ကောက်ခံမည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဧပြီလ ၁ ရက်နေ့မှ စတင်ကာ အိမ်သုံးနှင့် စီးပွားသုံး ရေဖိုးရေခများကို တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနက ဖေဖော်ဝါရီလ ၉ ရက်နေ့ ညနေတွင် သတင်းထုတ်ပြန်လိုက်သည်။

ရန်ကုန်မြို့တော်၏ ရေဖိုးရေခ ကောက်ခံမှုအခြေအနေမှာ ၂၀၀၅ ခုနှစ် ဇူလိုင်လအထိ ရေ ၁ ဂါလန်လျှင် ၃ ပြားနှုန်းဖြင့်သာ ကောက်ခံခဲ့ပြီး ၂၀၀၅ ခုနှစ် ဩဂုတ်လမှ စတင်၍ လက်ရှိအချိန်ကာလအထိ ရေ ၁ ဂါလန်လျှင် အိမ်သုံး ၂၅ ပြားနှုန်း၊ စီးပွားသုံး ၃၅ ပြားနှုန်း၊ ဌာနဆိုင်ရာများအား ၂၅ ပြားနှုန်းတို့ဖြင့် ကောက်ခံခဲ့သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ရေဖိုးရေခများ တိုးမြှင့်ကောက်ခံရာတွင် လာမည့် ဘဏ္ဍာရေးနှစ်ဖြစ်သော ၂၀၁၂-၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်မှစတင်၍ လက်ရှိစည်းကြပ်ကောက်ခံနေသော ရေဖိုးရေခနှုန်းထားမှ အိမ်သုံး ရေ ၁ ဂါလန်လျှင် ၄၀ ပြားနှုန်း၊ စီးပွားသုံး ရေ ၁ ဂါလန်လျှင် ၅၀ ပြားနှုန်းဖြင့် တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ပြီး ဌာနဆိုင်ရာကိုမူ လက်ရှိနှုန်းထားအတိုင်းသာ ကောက်ခံသွားမည်ဟု ရေနှင့် သန့်ရှင်းမှုဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

တိုးမြှင့်လိုက်သော ရေဖိုးရေခနှုန်းထားများကို ကောက်ခံရာတွင်လည်း လစဉ်စည်းကြပ်ကောက်ခံသွားမည်ဟု သိရသည်။ မီတာတပ်ဆင်ထားသော ရေဆက်သွယ်မှုများကို မီတာလစဉ်ဖတ်၍ စည်းကြပ်ကောက်ခံသွားမည့်အပြင် မီတာတပ်ဆင်ရခြင်းမရှိသေးသည့် ရေဆက်သွယ်မှုများကိုလည်း အခွန်ဆောင်ပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် လစဉ်စည်းကြပ်ကောက်ခံသွားမည်ဟု သိရသည်။နောက်ပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရေဆက်သွယ်မှုများ အားလုံးကို ရေမီတာစနစ်ဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော်တွင် တိုးပွားလာသော လူဦးရေအား ရေလုံလောက်ပြည့်ဝစွာ ပေးဝေနိုင်ရေးအတွက် ရေပေးဝေရေး စီမံကိန်းများ တိုးချဲ့တည်ဆောက်ခြင်း၊ ရေပို့ပိုက်လိုင်းကြီးများ ထပ်မံတိုးချဲ့ဆက်သွယ်ခြင်း၊ အားဖြည့်အဝီစိတွင်းများ ထပ်မံတူးဖော်ပေးခြင်း၊ ရေတွန်းစက်အသစ်တပ်ဆင်ခြင်း၊ ရေလှောင်ကန်ကြီးများ ပြုပြင်ထိန်းသိမ်းခြင်း၊ လျှပ်စစ်မီးလိုင်းများ၊ ယာဉ်ယန္တရားများ ပြုပြင်ထိန်းသိမ်းခြင်းတို့ကို နှစ်စဉ်ဆောင်ရွက်ရခြင်းအပြင် ငမိုးရိပ် ရေပေးဝေရေးစီမံကိန်းနှင့် အောင်တံခွန်ရေပေးဝေရေးစခန်းများမှ ပေးဝေသည့်ရေကို ဆည်မြောင်းဦးစီးဌာနသို့ ရေ ၁ဂါလန်လျှင် ၁ ပြားနှုန်းဖြင့် ပေးချေရသည့်စရိတ်များ၊ လုပ်အားခစရိတ်များ အပါအဝင် ရေ ၁ ဂါလန်အတွက် မတည်ရင်းနှီးကုန်ကျစရိတ်မှာ ၄၀ ဒသမ ၄၇ ပြားခန့်ရှိသည့်အတွက် ရေဖိုးရေခကို တိုးမြှင့် ကောက်ခံလိုက်ခြင်းဖြစ်သည်ဟု သတင်းထုတ်ပြန်ခဲ့သည်။ ရေဖိုးရေခများ တိုးမြှင့်ကောက်ခံခဲ့သော်လည်း နိုင်ငံတကာမှ ကောက်ခံနေသော နှုန်းထားများထက် များစွာလျော့နည်းသက်သာသည်ဟု တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

လက်ရှိတွင် ရန်ကုန်မြို့တော်နေ ပြည်သူများအတွက် နေ့စဉ် ရေဂါလန် သန်း ၁၆၀ ပေးဝေလျက်ရှိပြီး အချို့ မြို့နယ်များကို အချိန်ပိုင်း ပေးဝေလျက်ရှိရာမှ အချိန်ပြည့် ပေးဝေနိုင်ရေး၊ ရေပိုက်လိုင်းများနှင့် ဝေးရာအစွန်အဖျား မြို့သစ်မြို့နယ်များသို့ ရေအပြည့်အဝ ရောက်ရှိစေရေး ဆောင်ရွက်လျက်ရှိပြီး ပူပြင်းသော နွေရာသီရေအခက်အခဲမရှိစေရေး ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ (ဝဝ၁)

| | | ကောက်ခံသည့်နှုန်း | |
|---|---|---|---|
| စဉ် | နိုင်ငံ | အမေရိကန်ဒေါ်လာ တစ်ယူနစ် ($m^3$) | မြန်မာငွေ တစ်ယူနစ်($m^3$) |
| ၁။ | ထိုင်း | ၀. ၂၆ | ၂၀၈ ကျပ် |
| ၂။ | စင်ကာပူ | ၀. ၉၆ | ၇၆၈ ကျပ် |
| ၃။ | ဖိလစ်ပိုင် | ၀. ၃၆ | ၂၈၈ ကျပ် |
| ၄။ | မလေးရှား | ၀. ၄၅ | ၃၆၀ ကျပ် |
| ၅။ | ကမ္ဘောဒီးယား | ၀. ၁၄ | ၁၁၂ ကျပ် |
| ၆။ | လာအို | ၀. ၀၉ | ၇၂ ကျပ် |
| ၇။ | အင်ဒိုနီးရှား | ၀. ၇ | ၅၆၀ ကျပ် |
| ၈။ | တရုတ် | ၀. ၁ | ၈၀ ကျပ် |
| ၉။ | အိန္ဒိယ | ၀. ၁ | ၈၀ ကျပ် |
| ၁၀။ | ဘင်္ဂလားဒေ့ရှ် | ၀. ၈ | ၆၄၀ ကျပ် |
| ၁၁။ | မြန်မာ | ၀. ၀၆၉ | ၅၅ ကျပ် |

Sources: YCDC

တစ်ယူနစ်လျှင် ရေဂါလန် ၂၂၀၊

ရန်ကုန်မြို့တော်၏ ရေဖိုးရေခ ကောက်ခံငွေမှာ အိမ်သုံး တစ်ယူနစ်လျှင် ၅၅ ကျပ်၊ စီးပွားသုံး ၇၇ ကျပ်ဖြစ်သည်။

**စမ်းချောင်းမြို့နယ် အမက(၁၅) ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၅ ရက်က ကျင်းပရာ ပထမတန်းတွင် ပထမရရှိခဲ့သော မောင်နေလင်းသန့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခိုင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။**

(ကြေးမုံ)

# ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဘားအံစက်မှုဇုန်တည်ဆောက်နေမှုနှင့် မြဝတီမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၉

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းတို့သည် ဖေဖော်ဝါရီ ၁ ရက်တွင် ကရင်ပြည်နယ် ဘားအံစက်မှုဇုန် တည်ဆောက်ရေးလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံစက်မှုဇုန်အတွင်းရှိ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအထောက်အကူပြု လျှိုပိတ်ဆည်တည်ဆောက်ထားရှိမှုနှင့် စက်မှုဇုန်အတွင်း စိုက်ပျိုးရန် သစ်စေ့မျိုးစုံပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးအားပေးခဲ့သည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီးရှိ ရေဘုတ်ရေလှောင်တမံမှ ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးထားရှိသည့် စပ်မျိုးစပါး မျိုးစေ့ထုတ်ဧက ၂၅ စိုက်ခင်းသို့ရောက်ရှိပြီး လာရောက်လေ့လာကြသည့် ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား မိမိတို့ရပ်ကွက်/ကျေးရွာအလိုက် တောင်သူများအား ကွက်လပ်မကျန် သီးထပ်၊ သီးညှပ်နှင့် ဆောင်းသီးနှံများ အလေးထား စိုက်ပျိုးသွားရေး မှာကြားစည်းရုံးပညာပေးခြင်းများ ဆောင်ရွက်သွားရန်မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမွေးမြူရေးဇုန်အတွင်း မွေးမြူဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် ကြက်နှင့်ဆိတ်မွေးမြူရေးခြံများသို့ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ဘားအံအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းမှ သင်တန်းဆင်း ကျောင်းသူများ ဘားအံစက်မှုဇုန်၌ တည်ဆောက်မည့် အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်အလုပ်လုပ်နိုင်ရေး ကြိုတင်လေ့ကျင့်ပညာသင်ယူနေမှုများနှင့် သင်တန်းသူများအား တိုးချဲ့ပညာသင်တန်းပေးနိုင်ရေးစက်များ ထပ်မံရောက်ရှိနေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၃ ရက်တွင် ကော့ကရိတ်-အောက်ဘိုတဲ လမ်းပိုင်း လမ်းပေါက်ဖာထေးခြင်း ဆောင်ရွက်နေမှုများ၊ မြဝတီ-သဃ်န်းညီနောင်-ကော့ကရိတ်-ဘားအံလမ်းမကြီးအား စတင်ဖောက်လုပ်မည့်လမ်းနေရာနှင့် မြဝတီစက်မှုဇုန်တည်ဆောက်မည့် မြေနေရာတို့ကို ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး မြဝတီမြို့ သီဟသနကုန်းတော်ပေါ်၌ ရွှေတိဂုံပုံတူ ဗုဒ္ဓမြတ်စွယ်တော်ပွားစေတီ တည်ထားကိုးကွယ် တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် မြဝတီမြို့ အမှတ်(၃)ရပ်ကွက်ရှိ ရပ်ကွက်များ စုပေါင်းပျိုးဥယျာဉ်အတွင်း၌ ကျင်းပသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအထောက်အကူပြု သစ်ပင်၊ မျိုးစေ့ပျိုးပွဲတော်သို့ တက်ရောက်ပြီး သောင်းရင်းမြစ် မြစ်ကမ်းနံရံတည်ဆောက်နေမှုနှင့် ကမ်းနားတစ်လျှောက် လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အိမ်ထောင်စုစားဝတ်နေရေး ဘက်စုံလေ့လာမှု စစ်တမ်း (၂၀၀၉-၂၀၁၀) အလုပ်ရုံဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး၏ ဒုတိယအကြိမ် အိမ်ထောင်စုစားဝတ်နေရေး ဘက်စုံလေ့လာမှု စစ်တမ်း(၂၀၀၉-၂၀၁၀) အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ် ကမ္ဘောဇသာဒီခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်ရုံးမှ လက်ထောက်ဌာနေ ကိုယ်စားလှယ် ဦးမင်းထွဋ်ယဉ်က အလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဦးညဏ်လင်းနှင့် ဒေါ်မျိုးနွယ်တို့က ဆင်းရဲမှုအခြေအနေ လေ့လာတင်ပြချက်၊ ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်ဆိုင်ရာ သတင်းအချက်အလက်များနှင့် ဆင်းရဲမှုရွေ့လျားပြောင်းလဲခြင်း အခြေအနေတို့ကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများ၏ သိလိုသည်များကို ပြန်လည်ရှင်းလင်းခဲ့ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

# ညောင်လေးပင်မြို့နယ် ဒေါက်တာဘသန်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ညောင်လေးပင်မြို့နယ် ဒေါက်တာဘသန်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟံစိုးနှင့် အမှုဆောင်အရာရှိ ဦးအမ်လှသောင်းတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ **(ဝဲပုံ)**

အဆိုပါ ဒေါက်တာဘသန်းလမ်း ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ကချင်ပြည်နယ် မန်စီမြို့နယ်၌ မိုင်းနင်းပေါက်ကွဲမှုဖြစ်ပွား၊ အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ကချင်ပြည်နယ် မန်စီမြို့နယ် ဟန်ထက်ကျေးရွာနေ ဒေါ်ခေါန်ဆန်း (၄၇နှစ်)နှင့် ဒေါ်မရစ်ရွှယ် (၅၃နှစ်)တို့ နှစ်ဦးသည် ယမန်နေ့ ညနေ ၄ နာရီခန့်တွင် ဟန်ထက်ကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာအတွင်း လမ်းလျှောက်သွားစဉ် လက်နက်ကိုင်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

မိုင်းပေါက်ကွဲမှုကြောင့် ဒေါ်ခေါန်ဆန်း၏ ယာပေါင်ရင်း မိုင်းစထိမှန်ဒဏ်ရာ(မစိုးရိမ်ရ)နှင့် ဒေါ်မရစ်ရွှယ်၏ ဝဲခြေသလုံး မိုင်းစထိမှန်ဒဏ်ရာ(မစိုးရိမ်ရ)များရရှိခဲ့ပြီး အဆိုပါ ဒဏ်ရာရရှိသူများအား သက်ဆိုင်ရာ ကျန်းမာရေးဌာန၌ ဆေးဝါးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အခြေခံတင်းနစ် နည်းပြသင်တန်း စာတွေ့ လက်တွေ့ သင်ကြား

**ရန်ကုန် ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ အခြေခံတင်းနစ်နည်းပြသင်တန်း (Tennis Course for Begining and Intermediate Levels) ကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ စတင်ကျင်းပသည်။

သင်တန်းနည်းပြအဖြစ် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် (နည်းပြချုပ်) Mr. Robert Davis က တာဝန်ယူပြီး စာတွေ့ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်သည်။

ထိုတင်းနစ်သင်တန်းသည် ဖေဖော်ဝါရီ ၇ ရက်မှ ၂၀ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## ယနေ့ ဖတ်စရာ မှတ်စရာ

# ဤခရီး ... မဝေးတော့ပါ

လာမည့် ၂၀၁၃ ခုနှစ်တွင် မိမိတို့ မြန်မာနိုင်ငံက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပတော့မည် ဖြစ်သည်။ ဤခရီးစဉ်ကြီးကား တစ်နေ့တခြား နီးလာပေပြီ၊ မဝေးတော့ပါ။

အိမ်ရှင်နိုင်ငံပီပီ အောင်မြင်မှုများစွာရရှိရေးအတွက် လုပ်ငန်းပမာဏကြီးမားများပြားသည့်ကြားကပင် နိုင်ငံတော်အပိုင်း၊ သက်ဆိုင်ရာ အားကစားဝန်ကြီးဌာနအပိုင်း၊ အားကစားအဖွဲ့ချုပ်များအပိုင်း၊ အားကစားသမားများအပိုင်း စသည်ဖြင့် သူ့အပိုင်းနှင့်သူ တာဝန်ကျေပွန်စွာ ဆောင်ရွက်နေကြသည်ကို အားရဝမ်းသာ ကြားသိမြင်တွေ့နေရသည်။

နိုင်ငံတော်အပိုင်းကမူ နေပြည်တော်၌ နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းနှစ်ကွင်းနှင့် အားကစားရုံများ တည်ဆောက်လျက်ရှိခြင်း၊ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း၌ ပွဲကြည့်စင်များ တိုးချဲ့တည်ဆောက်ခြင်းအပါအဝင် အကြီးစားပြုပြင်မွမ်းမံနေခြင်း၊ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေး အဆင့်မြင့်ဘောလုံးကွင်းနှင့် အားကစားကွင်းများ တည်ဆောက်လျက်ရှိခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

အားကစားဝန်ကြီးဌာနအပိုင်းကမူ အဆိုပါ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် တာဝန်ထမ်းဆောင်ကြမည့် ဆက်ဆံရေးအရာရှိနှင့် လုပ်အားပေးလူငယ်အရာရှိများအား လူတွေ့စစ်ဆေးမှုပြုပြီး ကြိုတင်လေ့ကျင့်သင်တန်းများပေးနိုင်ရန် ဆောင်ရွက်နေပြီဖြစ်ရာ လူငယ်များကိုယ်တိုင် ဧည့်သည်များ၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးရင်း နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုအမှန်များကို လက်တွေ့ကျကျ ရှင်းလင်းပြသခွင့်ရရှိမည့် အခွင့်အရေးကောင်း ခရီးလမ်းသည်လည်း မဝေးတော့ပြီဟု ဆိုရပါမည်။

သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်တို့ကလည်း အားကစားနည်းများအလိုက် အားကစားပြိုင်ပွဲများ ကျင်းပပေးလျက်ရှိပြီး ထူးချွန်မျိုးဆက်သစ် အားကစားသမားများအား ထိုက်ထိုက်တန်တန်ဆုငွေများ ချီးမြှင့်ပေးခြင်း၊ ပြုစုပျိုးထောင်မွေးမြူလေ့ကျင့်ပေးခြင်းတို့ကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပေသည်။

ထိုသို့ နိုင်ငံတော်၊ ဝန်ကြီးဌာနနှင့် အားကစားအဖွဲ့ချုပ်များက ဆိုင်ရာကဏ္ဍအလိုက် အားထုတ်လျက်ရှိသကဲ့သို့ အားကစားသမားများ အပိုင်းကလည်း အားကစားနည်းများအလိုက် တက်တက်ကြွကြွ ပြန်လည်လေ့ကျင့်သည်ကို တွေ့မြင်လိုပါသည်။ မဝေးတော့မည့် ခရီးပန်းတိုင်ရောက်သည်အထိ. . .။

နေ့စဉ် နံနက်တိုင်း ရန်ကုန်မြို့ ကန်တော်ကြီးတစ်ပတ်နှင့် ကန်တော်ကြီး ဗိုလ်ချုပ်ကြေးရုပ်ရုပ်တုဝင်းအတွင်း လမ်းလျှောက်လေ့ကျင့်သည့် ပင်စင်စား မိမိအနေဖြင့် လွန်ခဲ့သော သုံးလခန့်က လူငယ်အားကစားသမားများ အုပ်စုလိုက် အပြေး၊ လမ်းလျှောက်၊ စက်ဘီး လေ့ကျင့်မှုများကို တွေ့ခဲ့ရသည်။ လွန်ခဲ့သော နှစ်လခန့်က အုပ်စု နှစ်စုပျောက်သွားသည်။ ယခုလတွင် လုံးဝမတွေ့တော့ပါ။ အားကစားလေ့ကျင့်ကွင်း ပြောင်းသွားသည်ဟူ၍ ထင်မြင်မိသည်။

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး ကျင်းပမည့် ဤခရီးကား. . . မဝေးတော့ပါ။

အားလုံးကိုယ်စီ တာဝန်ကျေပွန်ကြရန် ဆန္ဒပြုပါသည်။

**ကိုအောင်**

**ဖေဖော်ဝါရီ ၄ ရက်က ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမက(၈)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းတွင်းဘက်စုံဆု ရှစ်ဆုရ စတုတ္ထတန်းမှ မောင်ရန်လင်းမြတ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မူနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌဦးဘတင့်ဆွေတို့ ဆုပေးအပ်ချီးမြှင့်စဉ်။** (ပညာရေး)

# ဖေဖော်ဝါရီ ၉ ရက် မန္တလေးကုန်စည်ဈေးနှုန်း

| ရွှေဈေး | |
|---|---|
| အခေါက်ရွှေ(အဆင့်-၁) | ၇၃၈၀၀၀ |
| အခေါက်ရွှေ(အဆင့်-၂) | ၇၃၇၅၀၀ |
| ရွှေဒင်္ဂါး(ရွှေရည်မှီ) | ၆၅၆၀၀၀ |

| ဆန်ဈေး(သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း) | |
|---|---|
| ပေါ်ဆန်းမွှေး | ၃၀၀၀၀ |
| ရွှေဘိုမနော် | ၁၈၀၀၀ |
| မဂျမ်းတော | ၁၈၀၀၀ |
| စောရှုပ်(ဟောင်း) | ၂၅၀၀၀ |
| စောရှုပ်(သစ်) | ၂၁၀၀၀ |
| ပေါ်ကျွဲ(ဟောင်း) | ၂၂၀၀၀ |
| ပေါ်ကျွဲ(သစ်) | ၁၉၅၀၀ |
| ဧယာ(ဟောင်း) | ၂၁၅၀၀ |
| ဧယာ(သစ်) | ၁၅၅၀၀ |
| ငစိန် | ၁၂၅၀၀/၁၃၀၀၀ |
| ရေမာမင်း(ဟောင်း) | ၁၅၀၀၀/၁၆၀၀၀ |
| သုခ-မတ္တရာ | ၁၂၅၀၀/၁၃၀၀၀ |
| ရွှေသွယ် | ၁၁၅၀၀/၁၂၀၀၀ |

| ဆီဈေး | |
|---|---|
| ပဲဆီ | ၃၀၀၀/၃၆၀၀ |
| နှမ်းဆီ | ၂၅၅၀/၂၆၀၀ |
| ပန်းနှမ်းဆီ | ၂၅၀၀/၂၆၀၀ |
| နေကြာဆီ | ၂၄၀၀/၂၆၀၀ |
| မုန်ညင်းဆီ | ၂၆၀၀/၂၆၀၀ |
| ပဲပုပ်ဆီ | ၁၈၀၀/၁၈၀၀ |
| ဝါစေ့ဆီ | ၁၇၀၀/၁၇၅၀ |
| စားအုန်းဆီ | ၁၈၄၀/၁၈၅၀ |
| ကြက်ဆူဆီ | ၃၀၀၀ |

(၀၀၂)

# ဧရာဝတီမြစ်ကူးတံတား (ရတနာပုံ)

* တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ ဆက်သွယ်ဆက်ဆံရေး၌ မဟာဗျူဟာမြောက် အဓိကဆက်ကြောင်းနေရာတွင် တည်ရှိသော ဧရာဝတီတံတား(ရတနာပုံ)ကို မန္တလေးတိုင်းဒေသကြီး အမရပူရ မြို့နယ် ရွှေကြက်ယက်ကျေးရွာ ခဝါတော်ရပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ တကောင်းရပ်အကြား ဧရာဝတီမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားပြီး ၂၀၀၈ ခုနှစ် ဧပြီ ၁၁ ရက်တွင် ဧရာဝတီမြစ်ကူးတံတား(ရှစ်စင်းမြောက်)အဖြစ် ဖွင့်လှစ်ခဲ့သည်။
* ဧရာဝတီတံတား(ရတနာပုံ)ကို အင်းဝတံတား(၁၉၃၄)၏ ရေဆန်ဘက် ပေ ၂၀၀၀ ခန့်အကွာတွင် တည်ဆောက်ထားခြင်းဖြစ်သည်။
* ယာဉ်သွားလမ်းအကျယ် ၄၉ ပေရှိပြီး လေးလမ်းသွား ကားလမ်းတံတားကြီးဖြစ်ကာ တစ်ဖက်လျှင် ခြောက်ပေစီကျယ်သည့် လူသွားလမ်းများလည်းပါရှိသည်။
* တံတားအောက် ရေလမ်းကင်းလွတ်နယ်အကျယ်ပေ ၇၀၀ ဖြစ်ပြီး အမြင့်မှာ ပေ ၄၀ ဖြစ်သည်။ ယာဉ်တစ်စီးချင်းခွင့်ပြုတန် ၆၀ ခံနိုင်ဝန်ရှိသည့် တံတားကြီးဖြစ်သည်။
* ဧရာဝတီတံတား(ရတနာပုံ)တည်ဆောက်ပြီးစီးခဲ့ပြီးနောက် စစ်ကိုင်းတိုင်းဒေသကြီးမှ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ယခင်ကထက်များစွာ လျင်မြန်ချောမွေ့လာခဲ့သည်။
* မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးနှင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးသို့ တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်စွာ ကူးလူးဆက်သွယ်သွားလာနိုင်ပြီး ကုန်သွယ်စီးပွားတိုးတက်ဖြစ်ထွန်းလာမှုကိုလည်း ဒေသခံပြည်သူများ လက်တွေ့ခံစားနေကြရပြီ ဖြစ်သည်။

## ဧရာဝတီမြစ်ကူးတံတား(ရတနာပုံ) အချက်အလက်များ

၁။ စုစုပေါင်းတံတားအရှည် ၅၆၁၄ ပေရှိသည်။

၂။ ပင်မတံတားအရှည်မှာ ၃၆၉၄ ပေဖြစ်သည်။

၃။ မန္တလေးဘက်ကမ်း၌ ချဉ်းကပ်တံတား အရှည်ပေ ၁၁၄၀ နှင့် စစ်ကိုင်းဘက်ကမ်းတွင် အရှည်ပေ ၇၈၀ ရှိသည်။

၄။ သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်း အမျိုးအစား ဖြစ်သည်။

၅။ သံမဏိသံပေါင်ခုံးတံတားအမျိုးအစား ဖြစ်သည်။

၆။ သံမဏိသံပေါင်အလေးချိန် တန်ပေါင်း ၉၉၀၀ ကျော် အသုံးပြုထားသည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

# လက်တွဲဆောင်ရွက် ဒီမိုကရေစီပြည်ထောင်စုအတွက်

မောင်မောင်မျိုး(ပဲခူး)

လူတစ်ကိုယ်စိတ်တစ်မျိုးရှိတတ်ကြသောလောက၌ တစုတစည်းတည်း၊ တညီတညွတ်တည်းဖြစ်စေရန် ကြိုးပမ်းရသည့် စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များသည် လွန်စွာလွယ်ကူလှသည့် အလုပ်မျိုးမဟုတ်။ သို့သော်လည်း ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံမြို့ကလေး၌ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များနှင့် သဘောတူလက်မှတ်ရေးထိုး၍ တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့သည်။ ထိုနေ့သည်ကား မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်စွာနေမြဲနေလိုသည့် အမျိုးသားဂုဏ်ရည်ကို ဖော်ထုတ်ပြသရာ ပြည်ထောင်စုနေ့ပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် တည်တံ့ခိုင်မြဲသော ရေမြေပိုင်နက်နယ်နိမိတ်နှင့် ခိုင်မာသောလူမျိုးသမိုင်းရှိသည့် ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ခေတ်စဉ်တစ်လျှောက် မြန်မာနိုင်ငံနှင့် တိုင်းရင်းသားတို့၏ ဖြစ်ပေါ်တိုးတက်မှုကို သမိုင်းအမြင်ဖြင့် လေ့လာသုံးသပ်ကြည့်လျှင် နိုင်ငံ၏ ကောင်းကျိုးဆိုးပြစ်၊ တိုးတက်မှု၊ ဆုတ်ယုတ်မှုတို့သည် တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှုအပေါ်တွင် အခြေတည်ကာ ဖြစ်ပေါ်ရသည်ကို တွေ့ရှိကြရမည်ဖြစ်သည်။

### အလေးအနက်ဆင်ခြင်

တိုင်းရင်းသားစည်းလုံးညီညွတ်မှုအားကောင်းသည့် အခါကာလများတွင် မိမိတို့နိုင်ငံ၏ အင်အားသည် တောင့်တင်းခိုင်မာ၍ ခမ်းနားထင်ရှားဂုဏ်မြင့်မားခဲ့ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုအားနည်းလာသည့် အခါကာလများတွင် နိုင်ငံတော်အင်အားယုတ်လျော့ကာ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် လူမှုရေး အခြေအနေအဆင့်အတန်းနိမ့်ကျခဲ့ရသည်ကို ထင်ထင်ရှားရှားကြုံခဲ့ကြရပြီးဖြစ်သည်။

ယခုအခါ **ကျဉ်းမြောင်းသော လူမျိုးရေးအမြင်၊ ဒေသစွဲ၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲလွန်ကဲမှု၊ အစွန်းရောက် အတွေးအခေါ်များကို ရှောင်ရှားဖယ်ခွာ စွန့်လွှတ်ကြရမည်။ ပြည်ထောင်စု၏ အကျိုး၊ တစ်မျိုးသားလုံး၏ အကျိုးကို ဦးစားပေးရမည့်အချိန်တွင် လူမျိုးရေးနှင့် ဒေသအကျိုးသက်သက်ရှေ့တန်းတင်ကာ မစဉ်းစား၊ မလုပ်ဆောင်မိကြရန် သတိပြုရမည်။ လူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲ၊ အစွန်းရောက်လွန်ကဲမှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ပဋိပက္ခတိုက်ပွဲများအကြား၌ ပြည်ထောင်စုသားများ ဆင်းရဲဒုက္ခရောက်ကြရသည့်သမိုင်းဖြစ်စဉ်ကို အလေးအနက်ဆင်ခြင်ကြရမည်ဖြစ်သည်။**

**ပြည်ထောင်စုကြီးအား ထိခိုက်ပြိုကွဲစေမည့်အရေးကို တွေးလည်း မတွေးအပ်၊ ရေးလည်းမရေးအပ်၊ ပြောလည်းမပြောအပ်၊ လုပ်လည်းမလုပ်အပ်ပါ။ ပြည်ထောင်စုဖွားတိုင်းရင်းသားတို့သည် တစ်သွေးတစ်သားတည်းပင်ဖြစ်သည်ဟု သိမြင်ခံစားလျက် ပြည်ထောင်စုနိုင်ငံကို အဘက်ဘက်က တိုးတက်ကြီးပွား အင်အားတောင့်တင်းခိုင်မာစေမည့် စိတ်ဓာတ်၊ အတွေးအခေါ် အခြေခံမူများနှင့် လုပ်နည်းလုပ်ဟန်များကိုသာ တွေးကြံစဉ်းစားအားပေးလုပ်ဆောင်သင့်ကြသည်။**

ပြည်ထောင်စုကြီး ထာဝရအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးဆိုသည်မှာ ဝါဒဖြန့်စကားမဟုတ်။ ပြည်ထောင်စုသားအားလုံး၏ တကယ့်ဘဝအတွက် လိုအပ်ချက်ကြီးပင်ဖြစ်သည်။ ဤအချက်ကို မြန်မာနိုင်ငံသားအားလုံးက အငြင်းပွားစရာမလိုသောခံယူချက်အဖြစ် လက်ခံကျင့်သုံးကြရမည်ဖြစ်သည်။ ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးသူမှန်လျှင်၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ်လိုလားသူမှန်လျှင် ပြည်ထောင်စု၏ အကျိုးအတွက် အားသွန်ခွန်စိုက်ပါဝင်ထမ်းဆောင်ကြရမည်သာဖြစ်သည်။

### ပြိုကွဲပျက်စီးခံ၍ မဖြစ်

ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရန်၊ တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ကြရန်နှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မှဲ့တစ်ပေါက်အစွန်းမခံရအောင် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရန်တို့သည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေအရပ်ရပ်အရ ပြည်ထောင်စုကြီးတစ်ခုလုံးနှင့် ပြည်ထောင်စုသားအားလုံးအတွက် ထာဝရလိုအပ်နေသော အချက်များပင်ဖြစ်သည်။ ၎င်းအပြင် ပြည်ထောင်စုကြီးထာဝရစည်းလုံးဖွံ့ဖြိုးတိုးတက်အောင်မြင်နေစေရန် အစဉ်အမြဲလိုက်နာစောင့်ထိန်း အကောင်အထည်ဖော်ဆောင်ရွက်နေရမည့် ပကတိအမှန်တရားလည်းဖြစ်သည်။ ထိုမျှမက ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွား၊ ပြည်ထောင်စု၏ အကျိုးစီးပွား၊ ခြုံ၍ပြောရလျှင် အမျိုးသားအကျိုးစီးပွားများအတွက် ရေရှည်အာမခံချက်ပေးထားသည့် မူဝါဒများဖြစ်သကဲ့သို့ ပကတိအရှိတရား၊ ထာဝရအမှန်တရားများနှင့် ကိုက်ညီလိုက်လျောညီထွေဖြစ်သော အချက်များဖြစ်ပြီး နိုင်ငံသားတိုင်း၊ ပြည်သူတိုင်းက အစဉ်ထာဝရဦးထိပ်ထားရမည့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်များပင်ဖြစ်သည်။

**မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းကိုပြန်ကြည့်လျှင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးသည် အမျိုးသားနိုင်ငံရေး၏ အဓိကအချက်ဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲလျှင် ပြည်ထောင်စုပြိုကွဲသွားမည်ဖြစ်ပြီး တစ်ဆက်တည်း၌ပင် အချုပ်အခြာအာဏာကိုလည်း လက်လွှတ်ဆုံးရှုံးသွားရမည်ဖြစ်သည်။ ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးပါအချက်သုံးချက်တွင် မည်သည့်အချက်ကိုမျှ ပြိုကွဲပျက်စီးခံ၍ မဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။** သို့ဖြစ်ရာ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများသာမက မြန်မာနိုင်ငံသားအားလုံးကပါ ဦးထိပ်ထားပြီး အစဉ်ထိန်းသိမ်းရွက်ဆောင်ကြိုးပမ်းကြရမည့် အမျိုးသားရေးတာဝန်ပင်ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃ တွင် "နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်သော နိုင်ငံဖြစ်သည်" ဟူ၍ ပါရှိသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးများ မှီတင်းနေထိုင်လျက်ရှိကြရာ အသီးတစ်ရာ အညှာတစ်ခုဆိုသည့်အတိုင်း ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ ဘာသာစကားနှင့် လူမှုရေးစနစ်များအရ အသွင်သဏ္ဍာန်ကွဲပြားသယောင်ရှိစေကာမူ အနှစ်သာရအားဖြင့် ပြည်ထောင်စုသွေး၊ ပြည်ထောင်စုစိတ်ဓာတ်တွင် အခြေပြုထားသည်ဖြစ်၍ အညှာတစ်ခုတည်းမှ ပေါက်ဖွားသီးပွင့်နေကြသော သွေးရင်းသားချင်းများဖြစ်ကြသည်။

> ပြည်ထောင်စုစိတ်ဓာတ်ဟူသည် ပြည်ထောင်စုဖွားတိုင်းရင်းသားများသည် သွေးချင်း၊ သားချင်း ညီရင်းအစ်ကိုမောင်ရင်းနှမများဖြစ်သည်ဟု ခံယူသောစိတ်ဓာတ်၊ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြသူများဖြစ်သည်ဟု ခံယူသောစိတ်ဓာတ်၊ တစ်ဦးတွင် အရေးကြုံသော် တစ်ဦးက မပစ်မပယ် တလုံးတစည်းတည်း ပူးတွဲရင်ဆိုင်ဖြေရှင်းလိုသော စိတ်ဓာတ်၊ မရှိအတူ ရှိအတူ၊ အေးအတူပူအမျှခံစားကြမည်ဟူသော စိတ်ဓာတ်၊ အရေးကြီးက သွေးစည်းရမည်ဟု ခံယူသောစိတ်ဓာတ်၊ တောင်ပေါ်နှင့် မြေပြန့်မခွဲခြားဘဲ တစ်သားတည်းရှိသည်ဟု ခံယူသောစိတ်ဓာတ်တို့ကို ပေါင်းရုံးစုစည်းခေါ်ဆိုခြင်းပင်ဖြစ်သည်။ "ညီညာမှ ပြည်သာသည်"၊ "ညီညွတ်ခြင်းသည် အင်အား"ဟူသော ဆိုရိုးစကားများအတိုင်း စည်းလုံးညီညွတ်ခြင်းသည် ခွန်အားကို ဖြစ်စေသည်။

တိုင်းရင်းသားအသီးသီး၏ ပကတိဘဝအခြေအနေကို မျက်မြင်ကိုယ်တွေ့၊ မျက်ဝါးထင်ထင်၊ ရင်နှင့်အမျှ ခံစားသဘောပေါက်ခဲ့ရသည့် အတွေ့အကြုံများအရ အမှောင့်ပယောဂကင်းစင်သော တိုင်းရင်းသားတို့၏ ဆန္ဒအမှန်မှာ မိမိတို့နယ်မြေဒေသကို တည်ငြိမ်အေးချမ်းစေလိုသည်။ မိမိတို့ နယ်မြေဒေသအတွင်း လုံလုံခြုံခြုံ၊ အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက် အသက်မွေးဝမ်းကျောင်းပြုလိုကြသည်။ မိမိတို့မိသားစုများနှင့် အတူတကွ ကျန်းမာပျော်ရွှင်စွာ အသက်ထက်ဆုံး ရာသက်ပန်ရိုးမြေကျ နေထိုင်သွားလိုကြသည်။

### အစည်းမပျက် လက်တွဲလျက်

နိုင်ငံတော်လွတ်လပ်ရေးအတွက်၊ ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်သည် မည်မျှအရေးပါကြောင်း သိသာထင်ရှားလှသည်။ **ပြည်ထောင်စုစိတ်ဓာတ်ဟူသည် ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်ထောင်တည်းပင်ဖြစ်သည်ဟု စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားသော သဘောထား ခံယူချက်ပင်ဖြစ်သည်။ မျိုးရိုးသံယောဇဉ်၊ ဒေသသံယောဇဉ်တို့ဖြင့် ရစ်ပတ်ဖွဲ့နှောင်လျက် အမျိုးကိုစောင့်ရှောက်လိုမှု၊ အမျိုးကို ချီးမြှောက်လိုမှုတည်းဟူသော မျိုးချစ်စိတ်အပေါ် အခြေခံသည်။**

နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အပြောနှင့်မဟုတ်၊ အလုပ်ဖြင့် သက်သေပြကြရန်လိုအပ်သည်။ အချို့က အမျိုးသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ အမျိုးသားပြန်လည်ပေါင်းစည်းရေး၊ အမျိုးသားသင့်မြတ်ရေးဟူ၍ အသံကောင်းဟစ်နေကြသော်လည်း လက်တွေ့လုပ်ရပ်များကမူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပြိုကွဲရာ ပြိုကွဲကြောင်းဆီသို့ ဦးတည်နေသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့ရှိရသည်။ ထို့ကြောင့် ယင်းလုပ်ရပ်များကို အပြီးအပိုင်စွန့်လွှတ်ပြီး ပြည်ထောင်စုစိတ်ဓာတ် အမှန်တကယ်ကိန်းအောင်းလာအောင် ကြိုးပမ်းသင့်ကြသည်။

**ပြည်ထောင်စုသားအချင်းချင်း တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီလိုခြင်း၊ အခက်အခဲတွေ့ကြုံလျှင် ကူညီဖြေရှင်းပေးလိုခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်လိုခြင်း၊ အချင်းချင်းစာနာထောက်ထားခြင်းနှင့် နားလည်ခွင့်လွှတ်သည်းခံတတ်ခြင်းတို့သည် ပြည်ထောင်စုစိတ်ဓာတ်၏ ကောင်းမြတ်သော အခြေခံများဖြစ်ကြသည်။**

တစ်နည်းဆိုရသော် ပြည်ထောင်စုစိတ်ဓာတ်ဟူသည် ပြည်ထောင်စုဖွားတိုင်းရင်းသားများသည် သွေးချင်း၊ သားချင်းညီရင်းအစ်ကိုမောင်ရင်းနှမများဖြစ်သည်ဟု ခံယူသောစိတ်ဓာတ်၊ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြသူများဖြစ်သည်ဟု ခံယူသောစိတ်ဓာတ်၊ တစ်ဦးတွင် အရေးကြုံသော် တစ်ဦးက မပစ်မပယ် တလုံးတစည်းတည်း ပူးတွဲရင်ဆိုင်ဖြေရှင်းလိုသော စိတ်ဓာတ်၊ မရှိအတူ ရှိအတူ၊ အေးအတူပူအမျှခံစားကြမည်ဟူသော စိတ်ဓာတ်၊ အရေးကြီးက သွေးစည်းရမည်ဟု ခံယူသောစိတ်ဓာတ်၊ တောင်ပေါ်နှင့် မြေပြန့်မခွဲခြားဘဲ တစ်သားတည်းရှိသည်ဟု ခံယူသောစိတ်ဓာတ်တို့ကို ပေါင်းရုံးစုစည်းခေါ်ဆိုခြင်းပင်ဖြစ်သည်။ "ညီညာမှ ပြည်သာသည်"၊ "ညီညွတ်ခြင်းသည် အင်အား"ဟူသော ဆိုရိုးစကားများအတိုင်း စည်းလုံးညီညွတ်ခြင်းသည် ခွန်အားကို ဖြစ်စေသည်။

သို့ဖြစ်ရာ ပြည်ထောင်စုအင်အားကို တည်ဆောက်ရာတွင် ပြည်ထောင်စုတိုင်းရင်းသားများသည် ပြည်ထောင်စုမှ ကွဲမထွက်စေဘဲ ကျစ်လျစ်သိပ်သည်းခိုင်မာစွာ အစည်းမပျက် လက်တွဲလျက် ရာသက်ပန် အတူတကွ ပူးပေါင်းနေထိုင်သွားကြရမည်ဖြစ်သည်။

ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲနေသရွေ့ မိမိတို့ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲနေမည်သာဖြစ်သည်။ ပြည်ထောင်စုကြီးသည် ပြည်ထောင်စုသားအားလုံးအတွက် မှီခိုအားထားနားနေရာ အေးရိပ်သာဖြစ်သည်။ အရိပ်ကိုခိုပြီး အခက်ကိုမချိုးဖျက်နိုင်အောင် စောင့်ရှောက်ကာကွယ်နိုင်ရန်မှာ ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ တာဝန်ဖြစ်သည်။

### အုတ်မြစ်ချတည်ဆောက်

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအတွင်း ထာဝရငြိမ်းချမ်းရေးရရှိစေနိုင်ရန်အတွက် နိုင်ငံ၏ပကတိအရှိတရားနှင့် အတိတ်သမိုင်းအတွေ့အကြုံများအပေါ် အခြေခံလျက် ယခင်ကနှင့်မတူသည့်မူများကို ကျင့်သုံးကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယနေ့အထိ ငြိမ်းချမ်းရေးရယူနိုင်ခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၁ ဖွဲ့စလုံးနှင့် ထိတွေ့ဆွေးနွေးညှိနှိုင်းပြီး အဖွဲ့ခုနစ်ဖွဲ့နှင့် အခြေခံသဘောတူညီချက်များကို လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ ကျန်အဖွဲ့လေးဖွဲ့နှင့်လည်း ထိတွေ့ညှိနှိုင်း

ဆွေးနွေးလျက်ရှိရာ ခြုံငုံသ...
တိုးတက်အောင်မြင်ပြီး ...
ဆက်လက်၍လည်း ထာဝ...
ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **နိုင်ငံတော်...
ဖော်ဆောင်နိုင်ရန် အမြင်...
တူညီသည်များကို ပြည်...
ကြိုးပမ်းဆောင်ရွက်ခဲ့သည်...
နိုင်အောင် ဆောင်ရွက်သ...
အမျိုးမျိုးဖြင့် ပြည်ပရေ...
တည်ဆောက်ရေးလုပ်ငန်း...
ထိုသို့ ဆောင်ရွက်မှု...
တိုးတက်ကောင်းမွန်လာပြီ...
တွေ့မြင်နိုင်သည်။** ဤသ...
အတွင်း အအောင်မြင်ဆုံး...
ညီညွတ်မှု သို့မဟုတ် ...
တည်ဆောက်နိုင်ခဲ့ခြင်းပ...
ပြည်သူ လူထုတစ်ရပ်လုံးက...
ရရှိပြီးသောတည်ငြိမ်အေး...
အရှိန်အဟုန်တိုးမြှင့်လျက်...

**ဒီမိုကရေစီဟူသည်...
ဥပဒေစိုးမိုးမှုနှင့် ဥပဒေစို...
စောင့်ထိန်းမှုတို့ပင်ဖြစ်သ...
လိုက်နာစောင့်ထိန်းမှုတို့သ...
ဖြစ်သည်။ ဒီမိုကရေစီကျ...
ပြည်သူ့အာဏာကို ရယူ...
များအတွင်း စနစ်တကျ ...
အစည်းများသည် ဒီမိုက...
ဖြစ်သည်။**

ဒီမိုကရေစီစနစ်ဆို...
အခြေခံအခွင့်အရေးများက...
ကိုယ်ပိုင်စွမ်းရည်ဖြင့် ဝေ...
နိုင်ငံရေးစနစ်လည်း ဖြစ်...
စံပြုထိုက်သည့် ကျင့်စဉ်အ...
သည်။ တရားမျှတခြင်း၊ ...
တာဝန်ယူမှုရှိခြင်း၊ ကွဲပြား...
တတ်ခြင်းစသည်တို့သည် ...
စနစ်ဖြင့် လူ့အဖွဲ့အစည်း ...
ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုး...

**ကောင်းမွန်သော အ...
ဆုံးဖြတ်ချက်၊ မူဝါဒ၊ ဥပဒေ...
ယင်းသည် ဒီမိုကရေစီ...
ကောင်းမွန်သော အုပ်ချ...
ထို့ကြောင့် မြန်မာနိုင်ငံ၏...
သစ်အနေဖြင့် ကောင်းမွန်...
ထားလုပ်ဆောင်လျက်ရှိ...**

**လက်ရှိအစိုးရသစ်အ...
စိုးမိုးရေး၊ အမျိုးသားပြန်...
ထွန်းကားရေး၊ ကောင်းမွ...
ရေး၊ ဖွဲ့စည်းပုံအခြေခံဥပ...
အခွင့်အရေးများရရှိရေး၊ ...
စီးပွားရေးပြုပြင်ပြောင်းလ...
ဖွံ့ဖြိုးတိုးတက်မြင့်မားရေး...**

## (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပြည်ထောင်စုကြီး ထာဝရအမွန့်ရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။
- ☆ ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားအောင် ဖော်ဆောင်ရေး။
- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် ထာဝရငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကိုကျင့်သုံးပြီး ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

ဆွေးနွေးလျက်ရှိရာ ခြုံငုံသုံးသပ်ရပါက ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ပြီး အခြေအနေကောင်းမွန်သည်ကို တွေ့မြင်နိုင်သည်။ ဆက်လက်၍လည်း ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **နိုင်ငံတော်တည်ငြိမ်ရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးဖော်ဆောင်နိုင်ရန် အမြင်သဘောထားမတူသည်များကိုထားပြီး အမြင်သဘောထားတူညီသည်များကို ပြည်သူများအကျိုးအတွက် ပူးပေါင်းဆောင်ရွက်ရေးမူဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်အောင် ဆောင်ရွက်သင့်သည်များကိုလည်း ဆောင်ရွက်ပေးခဲ့သည်။အကြောင်းအမျိုးမျိုးဖြင့် ပြည်ပရောက်နေကြသော နိုင်ငံသားများကိုလည်း နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်နိုင်အောင် လက်ကမ်းဖိတ်ခေါ်ခဲ့ သည်။ ထိုသို့ ဆောင်ရွက်မှုကြောင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး တိုးတက်ကောင်းမွန်လာပြီး ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှုရှိလာသည်ကိုလည်း တွေ့မြင်နိုင်သည်။** ဤသည်တို့သည် လက်ရှိအစိုးရသစ်ကာလတွင် အချိန်တိုအတွင်း အအောင်မြင်ဆုံးနှင့်အကောင်းဆုံးသော အမျိုးသားပြန်လည် စည်းလုံးညီညွတ်မှု သို့မဟုတ် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကြီးကို အုတ်မြစ်ချတည်ဆောက်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။ သို့အတွက်လည်း ပြည်ထောင်စုအတွင်းရှိ ပြည်သူ လူထုတစ်ရပ်လုံးက အလွန်ဝမ်းမြောက်ဝမ်းသာ မဆုံးရှိကြသည်။ သို့ဖြစ်ရာ ရရှိပြီးသောတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းကာ ထာဝရငြိမ်းချမ်းမှုရရှိအောင် အရှိန်အဟုန်တိုးမြှင့်လျက် ဆက်လက်တက်လှမ်းကြိုးပမ်းကြရန်သာဖြစ်သည်။

### တစိုက်မတ်မတ်ကြိုးပမ်း

**ဒီမိုကရေစီဟူသည် ပြည်သူ့ဆန္ဒကို ကျယ်ကျယ်ပြန့်ပြန့်လွှမ်းခြုံထားသည့် ဥပဒေစိုးမိုးမှုနှင့် ဥပဒေစိုးမိုးမှုအောက်၌ လူ့အခွင့်အရေးကိုလေးစားလိုက်နာစောင့်ထိန်းမှုတို့ပင်ဖြစ်သည်။ တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာစောင့်ထိန်းမှုတို့သည် ဒီမိုကရေစီရှင်သန်ရေးအတွက် ရေခံ၊ မြေခံများပင်ဖြစ်သည်။ ဒီမိုကရေစီကျင့်စဉ်ကို နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူ့အာဏာကို ရယူအသုံးပြုသောအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများအတွင်း စနစ်တကျ မှန်မှန်ကန်ကန် စည်းကမ်းရှိရှိ ကျင့်သုံးနေလျှင် ထိုအဖွဲ့အစည်းများသည် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများရရှိပြီးဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။**

ဒီမိုကရေစီစနစ်ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာနှင့် အခြေခံအခွင့်အရေးများကို ကာကွယ်မြှင့်တင်နိုင်သည့် ကျင့်စဉ်တစ်ရပ်ဖြစ်သည်။ ကိုယ်ပိုင်စွမ်းရည်ဖြင့် ဝေဖန်ပိုင်းခြားမှုကို ဖော်ထုတ်ခွင့်ရှိသည့် တစ်ခုတည်းသော နိုင်ငံရေးစနစ်လည်း ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်ကို လူသားများက စံပြုထိုက်သည့် ကျင့်စဉ်အဖြစ် ခံယူပြီး ရည်မှန်းချက်ပန်းတိုင်အဖြစ် သတ်မှတ်ကြသည်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ထင်သာမြင်သာရှိခြင်း၊ တာဝန်ယူမှုရှိခြင်း၊ ကွဲပြားခြားနားသည့်အမြင်နှင့် အတွေးအခေါ်များဖြင့် ဖွဲ့စည်းတတ်ခြင်းစသည်တို့သည် ဒီမိုကရေစီ၏ အခြေခံများဖြစ်သည်။ ဒီမိုကရေစီစနစ်ဖြင့် လူ့အဖွဲ့အစည်း ပေါင်းစည်းညီညွတ်မှုကို ဖော်ဆောင်နိုင်လျှင် ပြည်တွင်းငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကိုလည်း ဖော်ဆောင်ပေးနိုင်သည်။

**ကောင်းမွန်သော အုပ်ချုပ်မှုစနစ်သည် အမိန့်ပေးစနစ်မဟုတ်၊ အများစု၏ဆုံးဖြတ်ချက်၊ မူဝါဒ၊ ဥပဒေနှင့်အညီ အုပ်ချုပ်သော၊ စီမံခန့်ခွဲသောစနစ်ဖြစ် သည်။ ယင်းသည် ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်သည်။ ဒီမိုကရေစီသည် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့်တွဲဖက်မှ အောင်မြင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်တွင် အစိုးရသစ်အနေဖြင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ပေါ်ပေါက်လာအောင် အလေးထားလုပ်ဆောင်လျက်ရှိသည်။**

**လက်ရှိအစိုးရသစ်အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီကျင့်စဉ်များထွန်းကားရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သန့်ရှင်းသော အစိုးရဖြစ်ပေါ်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံသားများ၏ မူလအခွင့်အရေးများရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ နိုင်ငံနှင့် ပြည်သူ၏ အနာဂတ်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မြင့်မားရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြုပြင်ပြောင်းလဲကြိုးပမ်း ဖော်ဆောင်လျက်ရှိသည်။**

အထူးသဖြင့် ပြည်သူတိုင်း၏ လိုလားတောင့်တချက်ဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေး သို့မဟုတ် ဥပဒေနှင့်အညီ လွတ်လပ်စွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးတို့ကို အလေးထားပြီး တစိုက်မတ်မတ် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။

အချုပ်အားဖြင့်ဆိုရသော် ယခုဆိုလျှင် နိုင်ငံနှင့် ပြည်သူတို့၏ အနာဂတ်ဘဝ သာယာလှပစေရန်အတွက် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း တည်းဟူသော လောကပါလတရားများထွန်းကားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်ထွန်းပေါ်ပေါက်လာစေရန်နှင့် ရေရှည်တည်တံ့ရှင်သန်နိုင်စေရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ဤသည်တို့သည် ဒီမိုကရေစီစနစ်ဖြင့် ပြည်ထောင်စုကြီးကို တည်ဆောက်နေခြင်းပင်ဖြစ်ပြီး တစ်ဖက်ကလည်း ကိုယ့်တိုင်းပြည်အတွက် အားလုံးစည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန်သာ ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

### ကြိုးစားရည်ဆောင် နိုးကြားတည်ထောင်

☆ တစ်နွေငုပ်လျှိုး၊ တစ်မိုးနောင်းခါ
နှင်းလွှာမစဲ၊ ပုလဲငွေရောင်ဖြာ
ဟေမန်ရောက်လာ၊ ဆောင်းပဝါလွှမ်း
သဇင်ခွာညို၊ သင်းပျံ့စို
နှင်းကိုကြိုဆို လန်းသည်နှင့်လေး။

☆ တောတောင်စိမ့်စမ်း၊ မောရှမ်းပြည်နယ်ခွင်
ပင်လုံမြောက်ပိုင်း၊ မြူသိုင်းနှင်းဝေလွှင်
ကျင်းပဆင်ယင်၊ အားအင်အစွမ်း
ဖေဖော်ဝါရီ၊ ဆယ့်နှစ်မည်
ပြည်နယ်တောင်တန်းလွှမ်းသည်နှင့်လေး။

☆ မွန်, ရခိုင်, လွှမ်း၊ ချင်း, ရှမ်း, ကချင်ပျော်
ကရင်, ကယား၊ သားချင်းမြန်မာဖော်
လက်တွဲဆွေတော်၊ တောင်ပေါ်တောင်အောက်
တိုင်းသားစုံလင်၊ စုပေါင်းစဉ်
တူယှဉ်လက်တွဲ လျှောက်သည်နှင့်လေး။

☆ ညီနောင်သွေးသောက်၊ ဝမ်းမြောက်ချစ်ကြည်
အသက်ပေးဆက်၊ အခက်ခဲကူညီ
စိတ်ဓာတ်တည်ကြည်၊ မြန်ပြည်တစ်ဝန်း
ပြည်ထောင်သာယာ၊ အေးချမ်းစွာ
ညီညာတူပြိုင် ထမ်းသည်နှင့်လေး။

☆ တစ်စိတ်တစ်ဝမ်း၊ ချစ်ကျွမ်းမဏ္ဍိုင်
တွဲလက်ခိုင်ထား၊ ခွဲခြားမရနိုင်
သတ္တိဂုဏ်ပြိုင်၊ ကျောက်တိုင်အလား
ပြည်ထောင်စုမြေ၊ ပန်းပေါင်းဝေ
ညီဆွေဝန်းရံထားသည်နှင့်လေး။

☆ ကြိုးစားရည်ဆောင်၊ ပြည်ထောင်တစ်လွှား ပန်းစုံပွင့်တော့မည်။
☆ နိုးကြားတည်ထောင်၊ ညီနောင်အများ အစွမ်းကုန်မြှင့်တော့သည်။

မင်းရွှေမိုး

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၀-၂-၂၀၁၂ (သောကြာနေ့)**

AM & PM

- ၅း၄၀ "သူ့အကြောင်းကိုယ့်အကြောင်း" တရားတော် (ဆရာတော်အရှင်ဥတ္တမ)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၁၁)**
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၆၄)**
- ၉း၂၅ ပညာတန်ဆောင် စာပေဆုနှင်းပွဲအခမ်းအနား
- ၉း၄၅ မန္တလေးမြို့မှ ခြိမ့်ခြိမ့်သဲ ရှင်ပြုနားသ အလှူတော်မင်္ဂလာပွဲ
- ၁၀း၂၀ သမိုင်းတွင်မည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပန်းချီပြပွဲ
- ၁၀း၄၀ Activities In The City
- ၁၁း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားဧကရီ" (အပိုင်း-၁၁)**
- ၁၂း၄၀ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်)မြတ်ဆရာပူဇော်ပွဲ
- ၄း၀၀ MNL MYANMAR 2012 (Southern Myanmar Vs Zwekapin) (LIVE)
- ၆း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၁၂)**
- ၇း၃၀ Fantastic Music Contest (Part-3)
- ၈း၃၀ The Shop Around The Corner (Part-20)
- ၈း၃၅ Miss Lily 2012 (LIVE)
- ၁၁း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၆၅)**
- ၁၂း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားဧကရီ" (အပိုင်း-၁၂)**
- ၂း၀၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ
- ၂း၃၅ World of Knowledge
- ၃း၄၅ စိန်တို့ရဲ့ကမ္ဘာစိန်ကေရာဇ်ပါ
- ၄း၁၅ ဖန်ခါးမြေမှရတနာ
- ၄း၃၀ **မင်းမသိသေးပါဘူးကွာ** (ရော၊ ငှက်ပျောကြော်၊ ကြူကြူသင်း၊ အေးအေးခိုင်) (ဒါရိုက်တာ-ဆွေဇင်ထိုက်)
- ၄း၄၀ အံ့ဖွယ်ထင်ရှား ကျိုက္ခမီဘုရားဝပ်တွားအလီလီနိဗ္ဗာန်ရည်

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၁၀-၂-၂၀၁၂ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၈း၀၀ ၂။ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
- ၈း၀၅ ၃။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၈း၁၅ ၄။ "ကိုယ်တိုင်ရေးတဲ့ သင်ခန်းစာ"
- ၈း၂၅ ၅။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်

**ညပိုင်း**

- ၄း၃၀ ၁။ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (အင်္ဂလိပ်ဘာသာရပ်)
- ၅း၀၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၅း၁၅ ၃။ မြန်မာစာ မြန်မာစကား
- ၅း၃၀ ၄။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၄၅ ၅။ "စုစည်းခံစား ကမ္ဘာ့အားကစား"
- ၆း၅၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း"(ဒုတိယတွဲ) (အပိုင်း-၃၁)
- ၇း၄၀ ၇။ "စီမံကိန်းထူးရောပေါ်လွင် ဝင့်ကြွားညောင်တုန်းတံတား" (အပိုင်း-၁)
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ "အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု"
- ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာအသချေ" (အပိုင်း-၅)
- ၁၁။ သီချင်းချစ်သူ (ဆိုတေး)

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ကန့်ဘလူမြို့နယ်၌ ကျောင်းအဆင့်တိုးမြှင့်ပွဲ၊ ကျောင်းဆောင်သစ်ဖွင့်ပွဲများ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်းတွင် ကန့်ဘလူမြို့ စက်မှုလက်မှုသိပ္ပံရှိ ကျောင်းဆောင်များနှင့် ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော လူနာများအား ကြည့်ရှုအားပေးကာ ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကန့်ဘလူမြို့ မဟာရွှေစည်ကြီး ဒွါဒသမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်၊ ထမနဲထိုးပြိုင်ပွဲသို့ တက်ရောက်ပြီး ဆုရရှိသူများအား ဆုများပေးအပ် ချီးမြှင့်ခဲ့သည်။

ယင်းနောက် ကန့်ဘလူမြို့ အင်ကြင်းစုဥယျာဉ်နှင့် ချပ်သင်းဘေးမဲ့တောတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့်ဇနီး ဒေါ်ဝေဝေခိုင်တို့သည် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် ကန့်ဘလူမြို့ ရွှေစည်ကြီးစေတီတော် ဒွါဒသမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်နှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ကန့်ဘလူမြို့ အမှတ်(၃)ရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ပွဲနှင့် ဒေါက်တာဉာဏဝရ ခန်းမဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ကျောင်းဆောင်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တိုင်းဒေသကြီး ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းအတွက် ၂၁ လက်မ ရုပ်မြင်သံကြားဖမ်းစက်၊ ကျောင်းသုံးဗလာစာအုပ်များနှင့် ဂျာနယ်၊ စာစောင်များကို ထောက်ပံ့ပေးအပ်ကြသည်။

ဒေါက်တာဉာဏဝရခန်းမဆောင်သစ်သည် အလျားပေ ၉၀၊ အနံ ၄၅ ပေနှင့် အမြင့် ၁၅ ပေရှိ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း တစ်ထပ်ခန်းမဆောင်ဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေ ကျပ်သိန်း ၄၀၀ ကျော် ဖြစ်ကြောင်းသိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကန့်ဘလူမြို့နယ် တင်ငုတ်ကြီးကျေးရွာ၌ ပြည်သူများနှင့် တွေ့ဆုံပြီး ဇီးကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း သန်းရတနာကျောင်းဆောင်သစ်ဖွင့်ပွဲကို တက်ရောက်အားပေးခဲ့သည်။

ယနေ့ဖွင့်လှစ်သော သန်းရတနာကျောင်းဆောင်သစ်သည် အလျားပေ ၁၄၀၊ အနံပေ ၃၀ နှင့် အမြင့် ၂၄ ပေရှိ သွပ်မိုး၊ အုတ်ညှပ်၊ သမံတလင်းခင်း နှစ်ထပ်ဆောင်ဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ် ၅၅၃ သိန်း ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီအတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူသည် ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများအား လည်းကောင်း၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ရုံး(သုဝဏ္ဏ)၌ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ အမှုဆောင်များနှင့် တာဝန်ရှိသူများအား လည်းကောင်း တွေ့ဆုံ၍ မိမိတို့တာဝန်ယူထားသည့် အားကစားနည်းအလိုက် သွေးသစ်အားကစားသမားများရရှိမှု၊ စခန်းသွင်းလေ့ကျင့်မှုအစီအစဉ်၊ သိပ္ပံနည်းကျနည်းစနစ်များ၊ နည်းဗျူဟာများ၊ လေ့ကျင့်ရေးသဘောတရားများ၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အောင်မြင်ရေးစီမံချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ညနေ ၃ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်းရှိ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများနှင့် သီးခြားစီတွေ့ဆုံ၍ အားကစားတစ်ဖွဲ့ချင်းအတွက် ရန်ကုန်တိုင်းဒေသကြီးအပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ပါ မိမိတို့တာဝန်ယူထားသည့် အားကစားနည်းပြန့်ပွားရေး၊ လူငယ်ထုအတွင်း စိတ်ဝင်စားမှုရရှိရေး ဆွေးနွေးသည့်အပြင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အရည်အသွေးမြင့်မားသော အားကစားသမားများနှင့် ယှဉ်ပြိုင်ရာ၌ အိမ်ရှင်ကောင်းပီသစွာ ရွှေတံဆိပ်များ ထိုက်ထိုက်တန်တန်ရရှိရေး၊ အာဆီယံအားကစားအဖွဲ့ချုပ်များနှင့် နည်းပညာအကူအညီရယူဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား Daiwa Institute of Research Ltd. မှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား Daiwa Institute of Research Ltd. မှ Senior Executive Managing Director Mr. Sumiyuki Kazama နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် အဆိုပါဗဟိုဘဏ်ဥက္ကဋ္ဌ၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကိစ္စများ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ဘိလိယက်နှင့်စနူကာ ပဏာမလူရွေးချယ်ပြိုင်ပွဲစတင်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်က ကြီးမှူး၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ပဏာမလူရွေးချယ်ပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်(သံဈေး)ရှိ ASIA Billiard & Snooker Center ၌ စတင်ကျင်းပရာ မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် နာယက ဦးကျော်ဇံလှ၊ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် အမှုဆောင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဘိလိယက်ပြိုင်ပွဲ၌ ခင်မောင်ဦး၊ မင်းမင်းဦး၊ အောင်ဌေး၊ ကိုကိုနိုင်၊ စည်သူကျော်ငွေ၊ အောင်ဆန်းဦး၊ ပေါက်စ၊ ဇော်လင်းနုနှင့် ချစ်ကိုကိုတို့ ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကြပြီး အကောင်းဆုံးလက်စွမ်းပြနိုင်သော ရှစ်ဦးအား မြန်မာ့လက်ရွေးစင် ဘိလိယက်အသင်းအတွက် ပဏာမရွေးချယ်မည်ဖြစ်သည်။

အလားတူ စနူကာပြိုင်ပွဲတွင် ဟိန်းလွင်မိုး၊ ဇော်သန်းထိုက်၊ ဝင်းကိုကို၊ အောင်မိုးသူ၊ ဇော်အောင်၊ ဖုန်းမြင့်ကျော်၊ ဇော်ထွန်း၊ ရဲဇော်ထွဋ်(မွန်)၊ ကိုထက်၊ မင်းမင်းသိန်း၊ ရဲဇော်ထွဋ်(ပဲခူး)၊ သီဟဝင်းနှင့် မာန်ဟိန်းကျော် တို့ကလည်းကောင်း ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားကြပြီး လက်စွမ်းပြကြသော ခုနစ်ဦးအား မြန်မာ့လက်ရွေးစင်စနူကာအသင်းအတွက် ပဏာမရွေးချယ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

### ကြေးမုံမြင်ကွင်း

**ရန်ကုန်မြို့အတွင်း ကားအသွားအလာများသော နေရာရောက်တိုင်း လိုင်းကားပေါ်၌ ပါလာသူများကို ယာဉ်နောက်လိုက်(စပယ်ယာ)များက "လက်တွေ ခေါင်းတွေ အပြင်မထုတ်ပါနဲ့၊ မှတ်တိုင်ရောက်မှ ဆင်းကြပါ" ဟု မကြာခဏ သတိပေးစကားကို ကြားဖူးကြမှာပါ။**

**ယခု လိုင်းကားစီးလာသူများက ယာဉ်စည်းကမ်းလိုက်နာမှုနည်းသော အချို့ စပယ်ယာများကို "မီးပွိုင့်မိသည့်အချိန်တွင် လူအတက်အဆင်းမလုပ်ပါနဲ့၊ ပြတင်းပေါက်မှ ခြေလက်များ ပြန်ထည့်ထားပါ" ဟု ပြန်ပြီး သတိပေးစကား ပြောသင့်ပြီလား။ ။**

*(ယင်းပုံများကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၂ နာရီကျော်ခန့်တွင် အနော်ရထာလမ်း ဆူးလေမီးပွိုင့်အနီး၌ တွေ့ရှိ၍ မှတ်တမ်းတင်ခဲ့သည်။)*

### နိုင်ငံတကာ အားကစား

## အာစင်ဝင်းဂါးကို အသင်းနည်းပြတာဝန်ယူစေလိုကြောင်း အိုလံပစ်လိုင်ယွန်အသင်းနည်းပြ ရီမီဂါဒီဖွင့်ဟ

**ပါရီ ဖေဖော်ဝါရီ ၉**

အိုလံပစ်လိုင်ယွန်အသင်းနည်းပြ ရီမီဂါဒီက အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် နိုင်ငံပွဲစဉ်များတွင် အောင်မြင်မှုကို မည်သို့ရယူရမည်ဆိုသည်ကို နားလည်ကြောင်း၊ ထို့ကြောင့် ၎င်းအား ပြင်သစ်အသင်း၏ နည်းပြအဖြစ် တာဝန်ယူစေလိုကြောင်း ဖွင့်ဟပြောဆိုခဲ့သည်။

**လိုလားနေကြ**

ယခုလက်ရှိ ပြင်သစ်အသင်း၏နည်းပြ လော်ရင့်ဘလန့်မှာ လာမည့် ယူရို ၂၀၁၂ ပြိုင်ပွဲ ပြီးဆုံးချိန်တွင် ပြင်သစ်ဘောလုံးအဖွဲ့ချုပ် (FFF) နှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်၍ ၎င်း၏နေရာတွင် ဝင်းဂါးကို အစားထိုးရန် ပရိသတ်အတော်များများက လိုလားနေကြသည်။

သို့သော် ပြင်သစ်နည်းပြ ဘလန့်၏ကိစ္စနှင့်ပတ်သက်၍ ပြင်သစ်ဘောလုံးအဖွဲ့ချုပ် (FFF)၏ ဥက္ကဋ္ဌ နိုလီဂရတ်က ဘလန့်၏ အနာဂတ်ကို ယခုအချိန်တွင် မဆုံးဖြတ်နိုင်သေးကြောင်း၊ ယူရို ၂၀၁၂ ပြိုင်ပွဲ ပြီးမှသာ ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း၊ ယူရို ၂၀၁၂ ပြိုင်ပွဲတွင် ပြင်သစ်အသင်းအတွက် အောင်မြင်မှုတစ်စုံတစ်ရာ ရယူပေးနိုင်ခဲ့ပါက ၎င်းအား ထပ်မံ၍ စာချုပ်သစ်ချုပ်ဆိုမည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ခဲ့ပါမူ အခြားနည်းပြတစ်ယောက်ကို လွှဲပြောင်းတာဝန်ပေးအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **အင်တာနက်။**

**★ ဟိန်းထက်လင်း ★**

## တရုတ်ကလပ် ရှန်ဟိုင်းရှန်ဟွာအသင်း စတုတ်စီးတီးနောက်ခံလူ အတ်ပ်ဆင်ကို ခေါ်ယူရန် မျက်စိကျနေ



**ပေကျင်း ဖေဖော်ဝါရီ ၉**

တရုတ်ကလပ် ရှန်ဟိုင်းရှန်ဟွာအသင်းသည် အင်္ဂလန်ပရီမီယာလိဂ်ကလပ် စတုတ်စီးတီးအသင်း၏ နောက်ခံလူ မက်သူးအတ်ပ်ဆင်အား အံ့အားသင့်ဖွယ် ပြောင်းရွှေ့မှုတစ်ခုဖြင့် ခေါ်ယူရန် မျက်စိကျနေကြောင်း တရုတ်အခြေစိုက် သတင်းဌာနများက ဆိုသည်။

ရှန်ဟိုင်းရှန်ဟွာအသင်းသည် ချယ်လ်ဆီးတိုက်စစ်မှူး နီကိုလတ်စ် အနယ်ကာကို ဇန်နဝါရီလအတွင်းက ခေါ်ယူပြီးနောက် ယခုထပ်မံ၍ ပရီမီယာလိဂ်ကစားသမားများဖြစ်သည့် ချယ်လ်ဆီးတိုက်စစ်မှူး ဒီဒီရာ ဒရော့ဘာနှင့် စတုတ်စီးတီးနောက်ခံလူ မက်သူးအတ်ပ်ဆင်တို့ကို ခေါ်ယူနိုင်ရန် အပြုသဘောဆောင်သည့် တရားဝင်ကမ်းလှမ်းမှုများ စတင်ပြုလုပ်နေပြီဖြစ်သည်။

အသက်(၃၂)နှစ်အရွယ် အတ်ပ်ဆင်သည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ဝက်စ်ဟမ်းအသင်းမှ စတုတ်စီးတီးအသင်းသို့ ပြောင်းရွှေ့လာခဲ့ပြီး စတုတ်စီးတီးအသင်းတွင် ငါးပွဲသာ ပါဝင်ကစားခဲ့ရသေးသည်။ စတုတ်စီးတီးတွင် နေရာမရဖြစ်နေသည့် အတ်ပ်ဆင်အား ပြီးခဲ့သည့်အပြောင်းအရွှေ့ကာလအတွင်းက ဆောက်သမ်ပတန်အသင်းက ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ရှန်ဟိုင်းရှန်ဟွာအသင်းမှ ပြောရေးဆိုခွင့်ရှိသူ မာရူးက ဒရော့ဘာနှင့် အတ်ပ်ဆင်တို့ကို ခေါ်ယူနိုင်ရန် မိမိတို့ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်နေကြောင်း၊ သို့သော် အပြီးသတ်ခေါ်ယူနိုင်ရန် ဆုံးဖြတ်ချက်တစ်စုံတစ်ရာ မရရှိသေးကြောင်း၊ မိမိတို့ဆွေးနွေးမှုမှာ အလယ်အလတ်အခြေအနေတွင်သာ ရှိနေသေးကြောင်း ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။ **အင်တာနက်။**

**✻ ကျောဖုံးမှ**

သိပ္ပံပညာရှင်များ၏ တင်ကူးခန့်မှန်းချက်အရ ဗော့စတော့ရေအိုင်ကြီးအတွင်း အဏုဇီဝသက်ရှိများ ရှင်သန်ပေါက်ဖွားနိုင်ဖွယ်ရှိပြီး ရေခဲသည့်အခြေအနေနှင့် ပတ်ဝန်းကျင်မျိုးရှိသော အခြားဂြိုဟ်ကမ္ဘာများရှိ သက်ရှိများအား ရှာဖွေရန်အတွက် အထောက်အကူပေးနိုင်ကြောင်း သိရသည်။

ဗော့စတော့ရေအိုင်ကြီး၏ အရွယ်ပမာဏမှာ မြောက်အမေရိကတိုက်၏ မဟာရေအိုင်ကြီးငါးခုအနက် တစ်ခုအပါအဝင်ဖြစ်သော အွန်တေရီယိုရေအိုင်ကြီး၏ အရွယ်ပမာဏနှင့် နှိုင်းယှဉ်နိုင်ကြောင်း သိရသည်။

ကနေဒါနိုင်ငံ အွန်တေရီယိုပြည်နယ်၌ တည်ရှိသော အွန်တေရီယိုရေအိုင်ကြီးသည် အလျား ၁၉၃ မိုင်နှင့် အနံ ၅၃ မိုင် ကျယ်ဝန်းသည်။

ဗော့စတော့ရေအိုင်ကြီးကို ရှာဖွေတူးဖော်စဉ် အမေရိကန်လုပ်ဖော်ကိုင်ဖက်များနှင့် ခြောက်ရက်ကြာ အဆက်အသွယ်ပြတ်တောက်ခဲ့ရသည့် ရုရှားသိပ္ပံပညာရှင်များ၏ ရွှေ့ရေးအား ကမ္ဘာ့သိပ္ပံပညာရှင်အသိုက်အဝန်းက ရင်တမမဖြင့် စောင့်ကြည့်ခဲ့ကြရသည်။ **အင်တာနက်။**

## အထက(၄)အလုံ ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်မြို့ အလုံမြို့နယ် ယူနိုက်တက်ခရစ်ယာန်(UCHS) ယခင် ကူရှင်အထက်တန်းကျောင်း ယခု အထက(၄) အလုံတွင် ၁၉၅၇ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲနှင့် ဆရာ ဆရာမများအား ဂါရဝပြုခြင်း အခမ်းအနားကို ကူရှင်ခန်းမ အမှတ်(၁၄၃) မင်းရဲကျော်စွာလမ်း အလုံမြို့နယ်၌ ဖေဖော်ဝါရီ ၁၁ ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက ဦးစိုးအောင် ဖုန်း-၅၁၆၀၄၃နှင့် ၀၉-၅၀၅၆၂၇၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ပြည်ထောင်စုလွှတ်တော်အစည်းအဝေး အဌမနေ့ ဆက်လက်ကျင်းပ

## အမျိုးသားစီမံကိန်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

နေပြည်တော်　　　ဖေဖော်ဝါရီ　　　၉

**ပြည်ထောင်စုလွှတ်တော်အစည်းအဝေး အဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၅၄)ဦးတို့ တက်ရောက်ကြသည်။**

အစည်းအဝေး၌ အမျိုးသားစီမံကိန်း ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

ယင်းသို့ဆွေးနွေးရာတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း၊ ဘုတလင် မဲဆန္ဒနယ်မှ ဦးသန်းနွယ်၊ သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင်၊ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး၊ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း၊ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၇)မှ ဦးစံပြည့်၊ တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန်၊ ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးမောင်စောဖြူ၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၊ မင်းပြားမဲဆန္ဒနယ်မှ ဦးအောင်စိန်သာ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၊ တာမွေမဲဆန္ဒနယ်မှ ဒေါ်လှဲ့လှဲ့ဝင်းဆွေ၊ ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းဆွေ၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူနှင့် တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေတို့က ရင်းနှီးမြှုပ်နှံမှု၊ စက်မှု၊ ဝန်ဆောင်မှု၊ သစ်တော၊ ပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေး၊ စွမ်းအင်၊ သတ္တု၊ လျှပ်စစ်စွမ်းအား၊ ဆောက်လုပ်ရေး၊ စီမံကိန်း၊ ပြန်ကြားရေး၊ ယဉ်ကျေးမှု၊ သာသနာရေးနှင့် ဆက်သွယ်ရေးကဏ္ဍဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

ယနေ့ အစည်းအဝေးကို ညနေ ၃ နာရီ မိနစ် ၅၀ တွင် ရပ်နားပြီး အစည်းအဝေး နဝမနေ့ကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး အဌမနေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

# အန္တာတိက ရေခဲပြင်အောက်မှ ရေချိုအိုင်ကြီး ရုရှားသိပ္ပံပညာရှင်များ တွေ့ရှိ

မော်စကို　　　ဖေဖော်ဝါရီ　　　၉

**အန္တာတိကရေခဲပြင်အောက် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာက နစ်မြုပ်ခဲ့ရသည့် ရေချိုအိုင်ကြီးကို တူးဖော်တွေ့ရှိရပြီဖြစ်ကြောင်း ရုရှားသုတေသနပညာရှင်များက ဗုဒ္ဓဟူးနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။**

နှစ်ပေါင်း ၂၀ ကျော်ကြာမျှ တူးဖော်ရှာဖွေခဲ့ရသည့် ဗော့စတော့အမည်ရှိ ရေချိုအိုင်ကြီးကို တွေ့ရှိရပြီဖြစ်ကြောင်း ရုရှားနိုင်ငံ အာတိတ်နှင့် အန္တာတိကဒေသများဆိုင်ရာသုတေသနဌာန၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အန္တာတိက ရေခဲပြင်အောက်မှ ဗော့စတော့ ရေအိုင်ကြီးကို ရှာဖွေတွေ့ရှိနိုင်ရန် ကမ္ဘာတစ်ဝန်းမှ သိပ္ပံပညာရှင်အပေါင်းတို့က ရှေးဦးမဆွကပင် စိတ်အားထက်သန်စွာ မျှော်လင့်ခဲ့ကြသည်။

**စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ✻**

**အန္တာတိကဒေသတွင် စူးစမ်းလေ့လာရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော သိပ္ပံပညာရှင်များကို တွေ့ရစဉ်။**

အင်တာနက် ဆေးသိပ္ပံသတင်း

# လျှပ်စစ်စီးကြောင်းကို ဦးနှောက်အတွင်း ဖြတ်သန်းစေခြင်းဖြင့် မှတ်ဉာဏ်စွမ်းပကားမြှင့်တင်နိုင်ဟုဆို

**လော့စ်အိန်ဂျလိစ်　　　ဖေဖော်ဝါရီ　　　၉**

လူ့ဦးနှောက်၏ လက်ယာဘက်၌တည်ရှိသော အင်္ဂါအစိတ်အပိုင်းတစ်ခုအတွင်း လျှပ်စစ်စီးကြောင်းတစ်ခု ဖြတ်သန်းရိုက်ခတ်စေခြင်းဖြင့် မှတ်ဉာဏ်စွမ်းပကားကို ရိုးရိုးရှင်းရှင်းမြှင့်တင်ပေးနိုင်ကြောင်း ဗြိတိန်နိုင်ငံထုတ် ဒေးလီးမေးလ်သတင်းစာက ဖေဖော်ဝါရီ ၉ ရက်တွင် ရေးသားဖော်ပြထားသည်။

မှတ်ဉာဏ်၏အဝင်လမ်းအဖြစ် သိရှိထားကြပြီးဖြစ်သော Entorhinal Cortex ခေါ် ဦးနှောက်အစိတ်အပိုင်းအတွင်း လျှပ်စစ်စီးကြောင်း ဖြတ်သန်းဝင်ရောက်စေခြင်းဖြင့် လူသား၏ မှတ်ဉာဏ်စွမ်းပကားကို မြှင့်တင်ပေးနိုင်ကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြသည်။

Entorhinal Cortex သည် လူ့ဦးနှောက်၏မှတ်ဉာဏ်နှင့် လမ်းညွှန်မှုဆိုင်ရာကွန်ရက်အတွက် အဓိကကျသော အင်္ဂါအစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

Entorhinal Cortex အင်္ဂါအစိတ်အပိုင်းအတွင်း လျှပ်စစ်စီးကြောင်းဖြတ်သန်းစေခြင်းဖြင့် မှတ်ဉာဏ်စွမ်းပကားအား မြှင့်တင်နိုင်စွမ်းရှိမှုကို နားလည်သိရှိရန် သုတေသနပညာရှင်များသည် မှတ်ဉာဏ် ကစဉ့်ကလျားဖြစ်မှု ဝေဒနာခံစားနေရခြင်းကြောင့် ဦးနှောက်အတွင်း လျှပ်စီးပစ္စည်းများ ထည့်သွင်းထားရသော ဝေဒနာသည်ခုနစ်ဦးအား လေ့လာဆန်းစစ်ခဲ့ကြသည်။

မှတ်ဉာဏ်အသုံးချ ဗီဒီယိုဂိမ်းတစ်ခု ဆော့ကစားစဉ်အတွင်း သိပ္ပံပညာရှင်များသည် မှတ်ဉာဏ်ကစဉ့်ကလျားဖြစ်မှု ဝေဒနာသည်များ၏ အာရုံကြောမျှင်များအား လျှပ်စစ်စီးကြောင်းဖြင့် နှိုးဆွပေးခဲ့ကြသည်။

ယင်းကဲ့သို့ အာရုံကြောမျှင်များအား နှိုးဆွပေးခြင်းအားဖြင့် မှတ်ဉာဏ်ကစဉ့်ကလျားဖြစ်မှု ဝေဒနာသည်များသည် ၎င်းတို့မဖြစ်မနေ မှတ်သားထားရမည့်အချက်များအား ယခင်ကထက် ပိုမိုလျင်မြန်စွာ မှတ်သားလာနိုင်စွမ်းရှိကြောင်း သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိခဲ့ရသည်။

အဆိုပါ လေ့လာတွေ့ရှိချက်သည် အနုစားအတိတ်မေ့ဝေဒနာခံစားနေရသည့် လူနာများ၏မှတ်ဉာဏ်ကို မြှင့်တင်ပေးရေးအတွက် နည်းနာသစ်တစ်ရပ်ဖော်ထုတ်ရန် အထောက်အကူပြုမည်ဖြစ်သည်။ **အင်တာနက်။**

# (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို



**မောင်မောင်မျိုး(ပဲခူး)၏**

## လက်တွဲဆောင်ရွက် ဒီမိုကရေစီပြည်ထောင်စုအတွက်

❝ဒီမိုကရေစီဟူသည် ပြည်သူ့ဆန္ဒကို ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံထားသည့် ဥပဒေစိုးမိုးမှုနှင့် ဥပဒေစိုးမိုးမှုအောက်၌ လူ့အခွင့်အရေးကို လေးစားလိုက်နာစောင့်ထိန်းမှုတို့ပင်ဖြစ်သည်။ တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာစောင့်ထိန်းမှုတို့သည် ဒီမိုကရေစီရှင်သန်ရေးအတွက် ရေခံမြေခံများပင်ဖြစ်သည်။❞

(ဆောင်းပါး) စာမျက်နှာ - ၈

▪▪▪▪▪▪▪▪▪▪▪▪

**မင်းရွှေမိုး၏**

## ကြိုးစားရည်ဆောင် နိုးကြားတည်ထောင်

(ကဗျာ) စာမျက်နှာ - ၉